မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပူတာအိုခရိုင်ရှိ ဖုန်ကန်ရာဇီရေခဲတောင်သို့ ခရီးသွားများတက်ရောက်မှု ယခင်နှစ်များထက် များလာ

ပူတာအို မတ် ၁၃

ကချင်ပြည်နယ် ပူတာအိုခရိုင်သည် မြန်မာနိုင်ငံမြောက်ဘက်အစွန်းဆုံးတွင် တည်ရှိသောခရိုင်ဖြစ်ပြီး ပူတာအိုခရိုင်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းစဉ်သည် ထင်ပေါ်ကျော်ကြားသော ခရီးစဉ်ဒေသတစ်ခုဖြစ်ရာ ယခုနှစ်တွင် ဖုန်ကန်ရာဇီရေခဲတောင်သို့ ခရီးသွားများ တက်ရောက်မှု ယခင်နှစ်များထက် များပြားလာကြောင်း သိရသည်။

ဖုန်ကန်ရာဇီရေခဲတောင်သည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၁၁၉၂၀ ရှိပြီး မြန်မာနှင့်အိန္ဒိယနယ်စပ်တွင်ရှိသည့် ရေခဲတောင်ဖြစ်သည်။ အဆိုပါရေခဲတောင်ခြေကျေးရွာများမှ ဒေသခံပြည်သူများသည် ရေခဲတောင်များကိုအမှီပြုပြီး ရာသီအလိုက်စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်ကြရာ မိုးရာသီအချိန်တွင် ရာသီပေါ် သဘာဝအဖိုးတန်ရှားပါးပစ္စည်းဖြစ်သည့် ဆေးမြစ်၊ ဆေးဥများကို ရှာဖွေရောင်းဝယ်လျက်ရှိခြင်းနှင့် ဆောင်းရာသီကာလများတွင် ရေခဲတောင်တက်အဖွဲ့များကို လမ်းပြခြင်း၊ အထမ်းလိုက်ခြင်းနှင့် ခရီးသွားစားဖိုမှူးစသည့်အလုပ်များဖြင့် ဝင်ငွေရှာဖွေ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ထွက်ရှိသော ကော်ဖီတန်ချိန် ၁၀၀ ကျော်ကို အာရှနှင့်ဥရောပနိုင်ငံများသို့ တင်ပို့မည်

ပြင်ဦးလွင် မတ် ၁၃

ယခုနှစ် ကော်ဖီရာသီတွင် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ထွက်ရှိသော မြန်မာကော်ဖီတန်ချိန် ၁၀၀ ကျော်ကို ပြည်ပနိုင်ငံများဖြစ်သည့် အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းထံမှ သိရသည်။

"ဒီနှစ်မှာ ကော်ဖီဈေးကွက်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကော်ဖီက

စာမျက်နှာ ၄ ကော်လံ ၁ ❊

ယနေ့ ဖတ်စရာ

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင် ပြည်တွင်းသတင်း | စာ - ၃

ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ငါးဗယ်မျိုးစိတ်များ မျိုးမသုဉ်းစေရေး ပူးပေါင်းပါဝင်ကူညီပေး ဧဝစုံလင် | စာ - ၁၆

အကျိုးစီးပွား ပဋိပက္ခနှင့် အဂတိလိုက်စားမှု ဆောင်းပါး | စာ - ၁၈

ကျန်းမာကြံ့ခိုင်သော မျိုးပင်များဖြင့် စိုက်သမျှ ရှင်သန်ဖြစ်ထွန်းစေရေး

လာမည့်မိုးရာသီ ဇွန်၊ ဇူလိုင် သစ်ပင်စိုက်ပျိုးရေးလများတွင် ဖြန့်ဝေစိုက်ပျိုးနိုင်ရန်အတွက် သစ်ပင်ပျိုးပင်များကို ပြုစုပျိုးထောင်လျက်ရှိပြီဖြစ်သည်။ နိုင်ငံအတွင်းရှိ ဒေသအနှံ့အပြား မြို့ရွာများတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်စဉ်သစ်ပင်ပေါင်း သန်းနှင့်ချီ၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးလျက်ရှိသော်လည်း "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"ဟူသော ဆောင်ပုဒ်ပါ လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်နိုင်မှုမှာ အားနည်းလှသည်။

ကုလသမဂ္ဂ၏ အဆိုအရ ကမ္ဘာပေါ်တွင် နှစ်စဉ်သစ်တောဟက်တာ ၇ ဒသမ ၃ သန်းခန့် ပျောက်ကွယ်လျက်ရှိသည်ဟု သိရသည်။ မိမိတို့နိုင်ငံတွင်လည်း သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ သစ်တောများကို ခုတ်ထွင်၍ စိုက်ပျိုးမြေများအဖြစ် အသုံးပြုခြင်း၊ ရွှေအပါအဝင် သတ္တုတူးဖော်ခြင်း၊ ဆည်တာတမံများ၊ လမ်းတံတားအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြို့ရွာများ တိုးချဲ့ခြင်းစသည့်အကြောင်းများကြောင့် သစ်တောများ ပြုန်းတီးလျက်ရှိသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာ ကာလအတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှု ပျမ်းမျှ ၇၁၄၁၃၄ ဧက ပြုန်းတီးခဲ့သည်ဟု ဆိုသည်။ သစ်ပင် သစ်တောများ ပြုန်းတီးခြင်း၏ နောက်ဆက်တွဲအဖြစ် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးခြင်း၊ မြေဆီလွှာပျက်စီးမှုဖြစ်ပေါ်ခြင်း၊ ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းတို့ အပါအဝင် တန်ဖိုးကြီးစွာပေးဆပ်ရသည့် ဆိုးကျိုးများစွာတို့ကို ဖြစ်ပေါ်စေသည်။ သစ်ပင်သစ်တောများ ပြုန်းတီးပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးရလဒ်များ လျော့ပါးစေရေး၊ မြို့ရွာများ စိမ်းလန်းစိုပြည်ရေးတို့အတွက် နှစ်စဉ်သစ်ပင်များ စိုက်ပျိုးရာတွင် စိုက်သမျှရှင်သန်ဖြစ်ထွန်းမည်ဆိုပါက အတိုင်းထက်အလွန် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် မိုးရာသီပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးရေးစီမံချက်အရ အပင်ရှင်သန်မှု ရာခိုင်နှုန်းမြင့်မားရေးအတွက် ပျိုးသက် (၂)နှစ်၊ အမြင့် (၂)ပေရှိ ကျန်းမာကြံ့ခိုင်သော ပျိုးပင်များကိုသာ စိုက်ပျိုးရန်စီမံခဲ့သည်။ တစ်ပင်စိုက် တစ်ပင်ရှင်သန်နိုင်ရေးအတွက် ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီသော သစ်ပင်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးရန်၊ သစ်ပင်ရှင်သန်ကြီးထွားနိုင်ရေးအတွက် မြေကျင်းတူးခြင်း၊ မြေဆီသြဇာထည့်သွင်းခြင်းတို့ စနစ်တကျပြုလုပ်ရန်၊ စိုက်ပြီးသစ်ပင်များကို တိရစ္ဆာန်များကြောင့် မပျက်စီးရေး ကာကွယ်ထိန်းသိမ်းရန်၊ သေသောအပင်များ၏ နေရာများတွင်လည်း ဖာထေးစိုက်ပျိုးရန်၊ ပုံမှန်ရေလောင်းခြင်းနှင့် မြေအစိုဓာတ်ထိန်းသိမ်းခြင်းပြုလုပ်ရန်၊ မီးဘေးကာကွယ်ရန်စသည့်လုပ်ငန်းစဉ်များကို မပျက်မကွက်ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်။

နှစ်စဉ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည့် သစ်ပင်များစွာတို့ ရှင်သန်ဖြစ်ထွန်းမှုမှာ မရှိသလောက် နည်းလှသည်။ ပျိုးပင်များ အရေအတွက်များခြင်းထက် တစ်ပင်ဆိုလျှင် တစ်ပင် မြေချစိုက်ပျိုး ရှင်သန်နိုင်သည့် အရွယ်အထိ ပြုစုပျိုးထောင်ရွှေ့ပြောင်းစိုက်ပျိုးခြင်းက ရှင်သန်ဖြစ်ထွန်းမှု ပိုမိုမြင့်မားနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမှုအရေအတွက် ကိန်းဂဏန်းများပြားခြင်းကို ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ စိုက်သမျှရှင်သန်သည့် အရေအတွက်ကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် မြို့ရွာဒေသများ ပိုမို၍ စိမ်းလန်းစိုပြည် သာယာနိုင်ပါစေကြောင်း။ ။

(၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၃

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]** နှင့် **လူထုပါတီ (The Party for People)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၅ ပါတီဖြစ်၍ စုစုပေါင်း ၂၁ ပါတီ ဖြစ်သည်။ ယင်း ၂၁ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၅ ပါတီ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၁၆ ပါတီဖြစ်ပြီး၊ အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လူငယ်တွေရဲ့ ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရွှေစာရံဘုရားသို့ သွားရောက်သည့် ဘုရားဖူးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အောင်လံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာဖြေဆို

အောင်လံ မတ် ၁၃

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံး၌ မတ် ၈ ရက် နံနက် ၉ နာရီ မှစတင်၍ မြန်မာဘာသာရပ်ကို ဖြေဆိုခဲ့ရာ မတ် ၁၃ ရက်တွင် ဓာတုဗေဒဘာသာရပ် ဖြေဆိုရပြီး ယနေ့အထိ လေးဘာသာ ဖြေဆိုခဲ့ပြီးဖြစ်သည်။ အောင်လံခရိုင်တွင် အောင်လံမြို့နယ်၌ စာစစ်ဌာန ငါးခု၊ ဆင်ပေါင်ဝဲမြို့နယ်၌ စာစစ်ဌာန သုံးခု၊ စုစုပေါင်း စာစစ်ဌာန ရှစ်ခုရှိပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အောင်လံမြို့နယ် အတွင်းရှိ စာစစ်ဌာနများဖြစ်သည့် အထက (၁)၊ အထက (၃)၊ အထက (ပြလို့)၊ အထက (သမ္ဘုလ)၊ အထက (ကျီရပ်ကုန်း) စာစစ်ဌာန ငါးခုတွင် စာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသူ ၇၉၂ ဦး ရှိသည့်အနက် ဝင်ရောက်ဖြေဆိုသူ ၇၃၁ ဦးရှိပြီး ပျက်ကွက်သူ ၆၁ ဦး ရှိသဖြင့် ၉၂ ရာခိုင်နှုန်း ဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို အဆင်ပြေချောမွေ့ အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ စာစစ်ဌာနအသီးသီး၌ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၂၆ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထွန်းထွန်းဦးအား ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၂၇ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ချယ်ရီခင်အား ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို လက်တွေ့ဆောင်ရွက်နိုင်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❖ရှေ့ဖုံးမှ

ရေခဲတောင်တက်ခရီးသည် ခက်ခဲသည့် ခရီးကြမ်းဖြစ်ပြီး ရေခဲတောင်တက်ခရီးသည် အသွားအပြန် ရက်သတ္တပတ်တစ်ပတ်၊ ခြောက်ရက်၊ ခုနစ်ရက်ခန့်ကြာမြင့်မည် ဖြစ်သည်။ ဖုန်ကန်ရာဇီရေခဲတောင်ကို အများအားဖြင့် ဒီဇင်ဘာလမှဧပြီလအတွင်း တက်ရောက်ပါက ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အသွားအပြန်ပုံမှန်က ခြောက်ရက် ခုနစ်ရက်ကြာတယ်။ ဖုန်ကန်က ဒီဇင်ဘာလကနေ ဧပြီလအထိ တက်လို့ရတယ်။ ဒါပေမယ့် တစ်နှစ်နဲ့တစ်နှစ် မတူပါဘူး။ တစ်ခါတလေ ဒီဇင်ဘာမှာ ရေခဲမကျဘူး"ဟု ဒေသခံလမ်းပြတစ်ဦးက ပြောကြားသည်။

အဆိုပါ ဖုန်ကန်ရာဇီရေခဲတောင်ကို ယခင်နှစ်များတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တောင်တက်အဖွဲ့နည်းသွားခဲ့သော်လည်း ယခုနှစ်တွင် ဖုန်ကန်ရာဇီရေခဲတောင်သို့ တက်ရောက်သည့် တောင်တက်အဖွဲ့ ဇန်နဝါရီတစ်လအတွင်း အဖွဲ့ ၁၀ ဖွဲ့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၁၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

နေပြည်တော် မတ် ၁၃

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဇဟိုကာကွယ်ဆေး သိုလှောင်အခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဆေးထိုးအပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm အလုံး ၁၀၀၀၀ ၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm အလုံး ၇၄၀ ၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ Sinopharm အလုံး ၆၀၀၊ ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်တွင် "လမ်းလျှောက်သင်္ကြန်" အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၃

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း နေပြည်တော်တွင် "လမ်းလျှောက်သင်္ကြန်" အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇင်မင်းထက်၊ ဦးရဲတင့်၊ ဒေါ်နုမြ၏၊နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Brilliant Aura Co.,Ltd မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စီမံဆောင်ရွက်လျက်ရှိ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကာလအတွင်း နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ သင်္ကြန်ပွဲတော်ပိုမိုစည်ကား များပြားမည်ဟု ယုံကြည်ပါကြောင်း၊ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ပြည်သူများ လူကြီးလူငယ်မရွေး ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းစီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာတို့၏ ရိုးရာသင်္ကြန်ကို ပေါ်လွင်အောင် ဆင်နွှဲရင်းရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပြီး လမ်းလျှောက်သင်္ကြန်ကိုလည်း စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေရန်နှင့်

အဆင့်မီသော သင်္ကြန်တစ်ခုဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများ ပျော်ရွှင်စွာဆင်နွှဲနိုင်စေရေး ပူးပေါင်း ပါဝင်ကြမည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က နေပြည်တော်၌ ယခုနှစ်သင်္ကြန်တွင် ထည့်သွင်းကျင်းပမည့် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေး နေပြည်တော်ကောင်စီအနေဖြင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Brilliant Aura Co.,Ltdမှ ပရောဂျက်ဒါရိုက်တာက နေပြည်တော်၌ ကျင်းပမည့် လမ်းလျှောက်သင်္ကြန်နှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယ မြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေးအတွက် ရေရရှိရေး၊ ဖျော်ဖြေရေးဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် အားလုံးပါဝင် ပျော်ရွှင်စေရေး ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြား ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၃

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ရုရှားခရီးသွားများလာရောက် လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ရုရှားခရီးသွားများအတွက် တည်းခိုသွားလာလည်ပတ်မှု၊ စားသောက်မှုများ အပါအဝင် ပြီးပြည့်စုံသော Package Tour အစီအစဉ်များအား ရေးဆွဲပံ့ပိုးပေးစေလိုပါကြောင်း၊ ရော့စ်ကွန်ဂရက်အဖွဲ့အနေဖြင့် နှစ်နိုင်ငံခရီးသွားကဏ္ဍ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအကြောင်း မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက "Welcome Russia" Program in Myanmar အစီအစဉ်အား ရေးဆွဲလျက်ရှိပြီး ပြီးပြည့်စုံသော Package Tour ရေးဆွဲပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်ရာတွင် ကျန်းမာရေးအာမခံဝယ်ယူရေး အဆင်ပြေလွယ်ကူမှုရှိစေရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေးအကြံပြုချက်များကို ရုရှားခရီးသွားများအား ကြိုဆိုမည့်အစီအစဉ်တွင်လည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်လက်၍လည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

ဒီနှစ်မှာ တန်ချိန် ၁၀၀၀၀ တင်ပို့သွားမှာပါ။ အဲဒီတန်ချိန် ၁၀၀၀၀ ထဲကမှ ပြင်ဦးလွင်နဲ့ နောင်ချိုဒေသအနေနဲ့ ပြောမယ်ဆိုရင် အခုနှစ်မှာ ကော်ဖီကိုကွန်တိန်နာ ငါးလုံးတင်ပို့သွားဖို့ရှိတယ်။ တန်နဲ့ဆိုရင် ၁၀၀ ကျော်လောက်ပါ။ တန်ချိန်များရင်လည်း များသွားနိုင်ပါတယ်။ အရင်တုန်းက ကော်ဖီတစ်ပိဿာကို ငွေကျပ် ၂၀၀၊ ၃၀၀ ပဲရပါတယ်။ အခုချိန်မှာတော့ တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ကနေ ငွေကျပ် ၃၈၀၀ အထိပေးတယ်လို့ကြားသိရပါတယ်။ အခုချိန်ယိုးဒယားကနေ အပြိုင်အဆိုင်ဝယ်ကြတော့ ပြည်တွင်းကော်ဖီတောင်သူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံရတာ အကျိုးရှိလာပါတယ်။ ကော်ဖီဈေးကွက်က ရှိနေပါပြီ။ မြန်မာကော်ဖီက ထွက်သလောက် ရောင်းချနေရပါတယ်။ ကော်ဖီကို ပြည်တွင်းဖြန့်အားအနေနဲ့လည်း တိုးတက်လာပါတယ်။ ကော်ဖီကောင်းသောက်တဲ့သူတွေ ပေါ်လာပါပြီ။ ပြည်တွင်း ထွက်ကုန်ဖြစ်တဲ့အတွက် သွင်းကုန်နဲ့စာရင် ဈေးနှုန်းယှဉ်ပြိုင်နိုင်ပါတယ်" ဟု ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ပြောသည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဒေသများအလိုက် အရည်အသွေးမြင့်အထူးတန်းဝင်ကော်ဖီကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ကော်ဖီများမှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် လှိုင်လှိုင်ပေါ်လေ့ရှိပြီး ရိတ်သိမ်းနေပြီ ဖြစ်သည်။

ယင်းကော်ဖီများကို ဧပြီလနှင့် မေလတို့မှ စတင်ပြီး Export အနေဖြင့် အမေရိကား၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုးရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်ဂျီယံ၊ ဆွစ်ဇာလန်၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ ယခုနှစ်ရာသီတွင် ကော်ဖီတန်ချိန် ၁၀၀ ကို တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကော်ဖီများကို ပြီးခဲ့သည့်နှစ် ကော်ဖီရာသီချိန်တွင် Export အနေဖြင့် ပြည်ပနိုင်ငံများသို့ တန်ချိန် ၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ထွက်သလောက် ကော်ဖီများလည်း လက်ကျန်မရှိသလောက် ရောင်းချခဲ့ရကြောင်း၊ ယခုနှစ်ကော်ဖီရာသီတွင်လည်း တန်ချိန် ၁၀၀၀၀တင်ပို့သွားမည်ဖြစ်ပြီး ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းအနေဖြင့် တန်ချိန် ၁၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဈေးနှုန်းများအနေဖြင့် ကော်ဖီတစ်တန်လျှင် ဒေါ်လာ ၈၈၀၀ ဈေးနှုန်းအထိ ရှိနေကြောင်း သိရသည်။ **မောင်အေးချမ်း**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မတ် ၁၃

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၅ ဒသမ ၉၈ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၃၇ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဟသ်ာတမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် ကော့ကရိတ်မြို့တွင် ၀ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချ

နေပြည်တော် မတ် ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ် ၁၁၆ ကျောင်းဆင်းစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းဆင်းသင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းဆင်းတပ်ခွဲများက ပြည်ထောင်စုဝန်ကြီးအား ချီတက်အလေးပြုကြပြီး ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရသင်တန်းသားများနှင့် စစ်ရေးပြအကောင်းဆုံးတပ်ခွဲကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာ ယခု ၁၂၅ နှစ် တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၅၀၉ ဦးရှိပြီဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေး၊ သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးတို့အား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန် ခေတ်စနစ်နှင့်အညီ လေ့လာကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချသွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာပြီး ပြည်သူလူထုက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစားသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ် ၁၁၆ သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းဆင်းသင်တန်းသားများနှင့် မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်၍ ဥယျာဉ်စိမ်းလန်းသာယာလှပစေရေးနှင့် ကန်တော်ကြီးရေဝင်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ကန်တော်ကြီး၏ အမြင့်ဆုံး ရေဝင်မှတ်သည် ၃၃ ပေဖြစ်ပြီး ၂၀၂၁ ခုနှစ် ပွင့်လင်းရာသီတွင် ရေအမှတ် ၁၆ ပေသာ ရှိရာမှ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်မှုအရ ကန်တော်ကြီးရေဝင်မှု ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ခဲ့ရာ ယခုနှစ် ပွင့်လင်းရာသီတွင် ၃၂ ဒသမ ၄ ပေရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြင်ဦးလွင်မြို့နယ် ကော်ဖီစီမံကိန်းဧရိယာအတွင်းရှိ ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ခရိုင်တာဝန်ခံများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက သစ်တောမြေ၊ မြို့မြေနှင့် မြေလွတ် မြေရိုင်းများအတွင်းရှိ ပုဂ္ဂလိကကော်ဖီစိုက်ခင်းများနှင့် ပတ်သက်၍ ကွင်းဆင်းစိစစ်တွေ့ရှိချက်နှင့် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စာချုပ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး စစ်ဆေးကြပ်မတ်သွားရန်မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ် ၁၁၆ ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ရခိုင်ပြည်နယ် စနဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၃

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့တွင် စနဲမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက်အဆိုပါလူနာများအား စနဲမြို့ ဆိပ်ခံတံတားသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် စနဲမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၃၅ ဦးကို စနဲမြို့ တိုက်နယ် ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၀၇ ဦး၊ ခွဲစိတ်ရောဂါ ၆၄ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၄၃ ဦး၊ အရိုးရောဂါ ၂၅၉ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၈ ဦး၊ မျက်စိရောဂါ ၁၆၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ ခာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဆေးရုံရေယာဉ်ပေါ်၌ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်မှူးကြီး မိုးကျော်ထွန်း ဦးဆောင်ပြီး ကျောက်ဖြူမြို့နယ် စစ်တောကျေးရွာနေ မီးဖွားလူနာ ဒေါ်ခင်လဲ့လဲ့ကို ခွဲစိတ်မွေးဖွားပေးခဲ့ရာ နံနက် ၆ နာရီ ၃၄ မိနစ်ခန့်တွင် သားဦးရတနာတစ်ဦး ၆ ပေါင် ၆ အောင်စကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး သားငယ် မောင်ဟိန်းသံလွင်အောင်ဟု အမည်ပေးခဲ့ကာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဦးဆုံးမွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)၏ ဆေးကုသပေးမှုသမိုင်း မှတ်တမ်းတွင် ၁၈ ဦး မြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။(**ဝဲပုံ**)

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရသည်-

ဦးဘရင်(စနဲမြို့၊ အလယ်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး)

ဒေါ်အေးလှတင်

ဦးဘရင်၊ စနဲမြို့၊ အလယ်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး

"မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်နဲ့ အုပ်စု ၁၁ အုပ်စုနဲ့ဖွဲ့စည်းထားတဲ့ စနဲမြို့ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ သွားရေးလာရေး၊ ငွေရေးကြေးရေး အခက်အခဲရှိပါတယ်။ အခုလိုသံလွင်သင်္ဘောက ဆေးကုသမှုကို အထူးကု ပါရဂူတွေ၊ ခေတ်မီစက်ကိရိယာတွေနဲ့ လာရောက်ဆေးကုသပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ နောင်လည်း အခုလိုပဲ လာရောက်ဆေးကုသပေးစေချင်ပါတယ်။ လက်ရှိလာရောက် ပြသတဲ့လူနာတွေအတွက် အခက်အခဲ မရှိပါဘူး၊ လူနာတွေအတွက်လည်း စိတ်ချမ်းသာမှုရှိတယ်။ ဒါ့အပြင် ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့တွေလည်း စိတ်ချမ်းသာမှုရှိပါတယ်။ သွားရေးလာရေးအတွက်လည်း ကားတွေစီစဉ်ထားပေးတဲ့အတွက် အဆင်ပြေပါတယ်။ အခုလို အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့တစ်ကွ သံလွင်သင်္ဘောမှာပါတဲ့ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်တွေ၊ ဆရာ၊ ဆရာမတွေအားလုံးကိုကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"

ဒေါ်အေးလှတင်

"ကျွန်မက အဖုအကျိတ်လာပြတာပါ။ အရင်ကတော့ဆေးရုံသွားပြပါတယ်။ အခုပြတဲ့အခါမှာ ခွဲစိတ်မယ်ဆိုရင် ခွဲစိတ်ပေးမယ်လို့ပြောပါတယ်။ ဆရာဝန်က အဖုအကြိတ်ကို စမ်းသပ်ကြည့်ပြီး ခွဲစိတ်ဖို့ဆန္ဒရှိလား မေးပါတယ်။ ကျွန်မက ခွဲချင်ပါတယ်ပြောလိုက်တော့ ခွဲစိတ်ပေးပါတယ်။ အပြင်မှာပြရင် ပိုက်ဆံကုန်တယ်။ ဒီမှာက ပိုက်ဆံမကုန်ဘူး။ အားလုံးအဆင်ပြေပါတယ်။ ဆရာတွေ၊ သူနာပြုဆရာမတွေ၊ ခွဲစိတ်ပေးတဲ့ဆရာဝန်တွေ အားလုံးကို ကျေးဇူးတင်ပါတယ်။"

သတင်းစဉ်

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အထိမ်းအမှတ် Scrabble ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁၃

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် မတ် ၁၁ ရက်မှ ၁၂ ရက်အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(MICC-2) နေပြည်တော်၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာနတွင် ကျင်းပသော Scrabble ပြိုင်ပွဲသို့ တက်ရောက်အားပေးကာ ဆုရရှိသူများကို ပြိုင်ပွဲအထိမ်းအမှတ် ဂုဏ်ပြု ဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။**(ယာပုံ)**

ထို့ပြင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)သို့ တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ဆေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများ အစရှိသည့် အင်အား ၂၂၀ ဦး ပါဝင်သော လေ့လာရေး အဖွဲ့သည် ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း ဦးဆောင်၍ ယနေ့နံနက်ပိုင်း က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် လေ့လာခဲ့ကြသည်။ အဆိုပါ လေ့လာရေးအဖွဲ့ကို ရှင်းလင်းဆောင်တွင် တာဝန်ရှိသူ များက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် လုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုကို ရှင်းလင်း ပြောကြားခဲ့ပြီး ကျန်းမာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစု များက အလှူငွေများ ပေးအပ် လှူဒါန်းကာ ရုပ်ပွားတော်မြတ် ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ဖူးမြော် ကြည်ညို သည်။

ယင်းနောက် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွား ရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကာ ရဋ္ဌနန္ဒက ရတနာဆင်ဖြူတော် အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များထံ သွားရောက်၍ အစာအာဟာရ ကျွေးမွေးပြီး လေ့ခွင်းတောင်ကမ်းခြေ အပန်းဖြေ စခန်းသို့ လေ့လာရေးခရီး သွား ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအေးကျော် လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရေး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့နံနက်ပိုင်းက တက္ကသိုလ်ဝင် စာမေးပွဲကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ၂၃၀ ကေဗွီ ပျဉ်းမနား ပင်မဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အား ခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၃၀ ကေဗွီ ပျဉ်းမနားပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အား ခွဲရုံဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူး ပေးနေမှုအခြေအနေကို ရှင်းလင်း တင်ပြပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထောင်ဖိုခိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး က ဤဓာတ်အားခွဲရုံသည် နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက် ပို့လွှတ်နေသည့် အရေးကြီးသော ပင်မဓာတ်အား ခွဲရုံဖြစ်သည့်အတွက် ခွဲရုံကြံ့ခိုင် ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေး ဆောင်ရွက်ရန်၊ တက္ကသိုလ်ဝင် စာမေးပွဲကာလအတွင်း ဓာတ်အား ပြတ်တောက်မှုမရှိစေရေး အထူး အလေးထား ဆောင်ရွက်သွားကြ ရန်၊ လျှပ်စစ်အန္တရာယ် ကင်းရှင်း ရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး လုံခြုံရေး အသိ၊ သတိဖြင့် ဝန်ထမ်းများ အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကာ ဓာတ်အားထိန်းချုပ် ခန်းအတွင်း ဓာတ်အားဖြန့်ဖြူး ပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားခွဲရုံသို့ရောက် ရှိရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာ ချုပ် ဦးဇော်မင်းထွန်းက ဓာတ်အား ထိန်းချုပ်ခန်းမှ Control Panel များဖြင့် ဓာတ်အားဖြန့်ဖြူးပေး နေမှု၊ ဓာတ်အားခွဲရုံနှင့် Switch Yard အတွင်း ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများမှ ဓာတ်အား ဖြန့်ဖြူးပေးထားမှုကို ရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ပြည်လည်းလှ

သာသနာတော်နှစ် ၂၅၆၆ – ၂၅၆၇ ခုနှစ် သက္ကရာဇ် ၁၃၈၄ - ၁၃၈၅ ခုနှစ် မဟာသင်္ကြန် အကျ - အကြတ် - အတက် - နှစ်ဆန်း(၁)ရက် နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယတု – မြန်မာသက္ကရာဇ် – ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၁၀)ရက်
- ရခိုင်သက္ကရာဇ် – ၁၃၈၄ ခုနှစ် ပထမတာကူး လပြည့်ကျော် (၁၀)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၄) ရက် သောကြာနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၆ – နာရီ၊ ၁၂–မိနစ်၊ ၈–စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၁၁)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ပထမတာကူး လပြည့်ကျော် (၁၁)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၅)ရက် စနေနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၁၂)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ပထမတာကူး လပြည့်ကျော် (၁၂)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၆) ရက်၊ တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် ညစက် ၁၀–နာရီ၊ ၁၆–မိနစ်၊ ၄၉–စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ – ရခိုင် – နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၁၃)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပထမတာကူး လပြည့်ကျော် (၁၃)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၇)ရက် တနင်္လာနေ့သည် မြန်မာ – ရခိုင် နှစ်ဆန်း(၁)ရက်နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို – ဝါကပ် – လ – ရက်များ**

ဤ ၁၃၈၅ ခုနှစ်တွင် အဓိမာသ်နှင့် အဓိဟာကိန်းကြုံသော လထပ်ရက်ငင်ဝါကြီးထပ်သော နှစ်ဖြစ်ပါ၍ ဗုဒ္ဓဘာသာသာသနာတော် ဝန်ထမ်းရဟန်း အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ်–၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ်–၁၃၈၅ ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပထမပုရိမ ဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာသက္ကရာဇ် – ၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ်–၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ခရစ်နှစ်၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်၊ သောကြာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။



ချမ်းမြသာစည်မြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မတ် ၁၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ သံဃာတော် ၈၄ ပါးနှင့် ဒေသခံပြည်သူ ၄၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀) အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိပြီး ရက်ပေါင်း(၃၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် ဖြေဆိုနေမှုနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်၌ ကျင်းပနေသည့် ၂၀၂၁ -၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် နေ့သင်တန်းစာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တက္ကသိုလ်သုတေသနဌာန သုံးထပ်ဆောင်အဆောက်အဦ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယခုကျင်းပသည့် မိတ္ထီလာတက္ကသိုလ် နေ့သင်တန်းစာမေးပွဲတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၆၁၉၀ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့သွားရောက်၍ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် ပထမနှစ်(ပထမနှစ်ဝက်)၊ ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်(ပထမနှစ်ဝက်) စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ (ယာပုံ) ပြည်ထောင်စုဝန်ကြီးက ဆရာဆရာမ ၇၅ ဦး၊ သင်တန်းသားသင်တန်းသူ ၆၇၈ ဦးတို့အတွက် နေ့လယ်စာနှင့်မုန့်အာဟာရအလှူငွေပေးအပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါ ပညာရေးဒီဂရီကောလိပ်တွင် တည်ဆောက်နေဆဲ ပင်မသုံးထပ်စာသင်ဆောင်ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၅၈ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ငါးခု၊ စာစစ်ဌာန စုစုပေါင်း ၈၆၃ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၃၅၅၉၂ ဦး စာရင်းပေးသွင်းကြပြီး ၁၂၂၅၆၈ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သိုလှောင်ရုံထိန်းသိမ်းခြင်း သင်တန်း(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

“စံ” အဖြစ် သတ်မှတ်

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ခြင်း၊ ဖြန့်ဝေခြင်းစသည့် အရေးပေါ်အခြေအနေထောက်ပံ့ ပို့ဆောင်ခြင်း လုပ်ငန်းစဉ်သည် ဘေးဖြစ်ပွားနေစဉ်နှင့် ဘေးဖြစ်ပွားပြီးချိန်များတွင် အဓိက ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဘေးသင့်သူများ လက်ဝယ်သို့ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ အမြန်ရောက်ရှိရေးအတွက် သိုလှောင်ရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ တစ်စုတစ်စည်းတည်း ရှိစေသည့် ပုံစံကို “စံ” အဖြစ် သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ စုစုပေါင်းသိုလှောင်ရုံ ၁၄၁ ရုံ ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အကျိုးရှိစွာအသုံးချ

သိုလှောင်ရုံများကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း မရှိပါက သိုလှောင်ပစ္စည်းများ ဆုံးရှုံးပြီး နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ သိုလှောင်ပစ္စည်းများ လက်ခံ၊ ထိန်းသိမ်း၊ ထုတ်ပေးမှုတွင် လယ်ဂျာမှတ်တမ်းသတ်မှတ်ပုံစံများ၌ စနစ်တကျ မှတ်တမ်းတင်လျက်ရှိသကဲ့သို့ IT နည်းပညာ အသုံးပြုထားသည့် Inventory Management Software ကိုလည်း စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချမှုများကို လေ့လာမှတ်သားပြီး အကျိုးရှိ ထိရောက်စွာ အသုံးချကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

(ယမန်နေ့မှအဆက်)

နိုင်ငံသား သို့မဟုတ် နိုင်ငံသားဖြစ်မှု (ယခင်/ ယခု အသိအမှတ်ပြုသည့်/ ရုပ်သိမ်းခံရသည့်/ ပယ်ဖျက်ခံရသည့် ရက်စွဲသိရှိလျှင်)	လက်ရှိ--------------- ရက်စွဲ။ --------------- ယခင်--------------- ရက်စွဲ။ ----------------
နေထိုင်သည့်နိုင်ငံ	
နေရပ်လိပ်စာ(အကယ်၍နေထိုင်ခဲ့သည့် ရက်စွဲသိရှိလျှင်)	လက်ရှိ (လမ်း/မြို့/ပြည်နယ်/တိုင်း/ နိုင်ငံ ------------------------------ --------- ရက်စွဲ။ ------------- ယခင် (လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ ---------------------------------- ----- ရက်စွဲ။ -------------
လှုပ်ရှားသည့်နေရာ (လှုပ်ရှားနေသည့်နေရာများ သို့မဟုတ် မကြာခဏ လှုပ်ရှားခဲ့သည့် နေရာများ၊ လိပ်စာ ကွဲပြားမှု သိရှိလျှင်)	လက်ရှိ (လမ်း/မြို့/ပြည်နယ်/တိုင်း/ နိုင်ငံ ------------------------------ --------- ရက်စွဲ။ ------------- ယခင် (လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ ---------------------------------- ----- ရက်စွဲ။ -------------

အပိုင်း ၁ (ခ)။ သက်သေခံကတ်နှင့်ခရီးသွားလာမှုဆိုင်ရာ အထောက်အထားစာတမ်း အမှတ်အသားများ

ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ချန်လှပ်ထားနိုင်ပါသည်။ ဖြစ်နိုင်လျှင် စာတမ်းအမှတ်အသား မိတ္တူများကိုပါ ထောက်ပံ့စေလိုပါသည်။ ထို့အပြင် အပိုင်း ၁ (က)တွင် စာတမ်းအမှတ်အသားများ၌ အမည်သီးခြားဖော်ပြပါရှိလျှင်ဖြစ်စေ၊ အပိုင်း ၁ (ဂ) တွင် သက်သေခံကတ်နှင့် အမည်တို့ကို ခွဲခြား၍ ထုတ်ပေးထားလျှင်ဖြစ်စေ ယင်းတို့ကို ဖော်ပြပေးရန်နှင့် ဖြစ်နိုင်လျှင် စာတမ်းအမှတ်အသားများ၊ အမည်များနှင့် ရက်စွဲ၊ မွေးရပ်ဒေသတို့ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုကို ဖော်ပြပေးရန်၊ စာတမ်းအမှတ်အသားများ ထုတ်ပေးထားခြင်းမရှိသည့်ကိစ္စအတွက် အခြားနိုင်ငံသား သက်သေခံအမှတ်အသား နံပါတ် သို့မဟုတ် အခြားသက်သေခံကတ်များရရှိက ဖော်ပြပေးရန်၊

စာတမ်းအမှတ်အသားအမျိုးအစား (ဥပမာ - ပတ်စ်ပို့၊ မွေးစာရင်း သက်သေခံလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ နေထိုင်ခွင့်ပြုမိန့်၊ယာဉ်မောင်းလိုင်စင်နှင့် အခြား သက်သေခံကတ်)	
စာတမ်းအမှတ်အသားနံပါတ်	
ထုတ်ပေးသည့် အခွင့်အာဏာပိုင်	
ထုတ်ပေးခဲ့သည့် (လမ်း၊ မြို့၊ တိုင်း/ ပြည်နယ်၊ နိုင်ငံ)	
ထုတ်ပေးသည့်ရက်စွဲ	ရက် ----- လ ---- ခုနှစ် -------- ပြက္ခဒိန်နှစ် -----
သက်တမ်းကုန်ဆုံးသည့်ရက်စွဲ	ရက် ----- လ ---- ခုနှစ် -------- ပြက္ခဒိန်နှစ် -----
မည်သူ့ကိုထုတ်ပေးသည် (စာတမ်းအမှတ်အသားပါအတိုင်း အလားတူ အမည် စာသားကို စကားချပ်ဖြင့် ညွှန်ပေးရန်)	
စာတမ်းအမှတ်အသားတွင် ဖော်ပြထားသည့်အတိုင်း နေရပ်၊ မွေးသက္ကရာဇ်	နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/ နိုင်ငံ) ရက်----လ ------- ခုနှစ်------- ပြက္ခဒိန်နှစ်
စာတမ်းအမှတ်အသားပါ နိုင်ငံသားဖော်ပြထားမှု	
အခြားသတင်းအချက်အလက်များနှင့် သီးခြားမှတ်ချက်	

အပိုင်း ၁ (ဂ)။ အမည်တု/ အခြားအမည်များ

အကြမ်းဖက်သမားအဖြစ် သိရှိသည့်အမည်/ အခြားအမည်များ	
အကြမ်းဖက်သမား အမည် အစိတ်အပိုင်းများ (အမည်အစိတ်အပိုင်းတစ်ခုစီကို စာတစ်ကြောင်းချင်းစီ သီးခြား ရေးပေးရန်)	**အမည် အစိတ်အပိုင်းပုံစံ** (အမည် အစိတ်အပိုင်းအလိုက် ဥပမာ- အမည်အစ စာလုံး၊ ဒုတိယ စာလုံး၊ နောက်ဆုံး စာလုံး၊ မိသားစုအမည်၊ နေထိုင်ရာဒေသ၊ ကိုးကွယ်သည့်ဘာသာ၊ မိဘအမည်၊ အဘိုး အမည်၊ အဘေး/ အဘွားအမည်၊ လူမျိုး သို့မဟုတ် ဂုဏ်ပြုခေါ်ဝေါ်သောအမည်)
၁။	
၂။	
၃။	
၄။	
၅။	
၆။	
၇။	
၈။	
မှတ်ချက်။	
အမည်အက္ခရာအပြည့်အစုံ	
မူရင်းဘာသာ/စာသားအမျိုးအစားဖြင့် ဖော်ပြချက်	
အကြမ်းဖက်သမား၏အခြားအမည်စာသားများ (မူရင်း စာသား မဟုတ်ဘဲ တရားဝင်စာသား အမှတ်အသားတွင် တွေ့ရှိရသော စာသား၊ အမည်နောက်၌ စကားချပ်ဖြင့် ဖော်ပြပေးရန်)	
အမည်ကွဲ အမျိုးအစား	( )သက်သေခံကတ်သီးခြားအမည် ( ) အမည်မျိုးကွဲ( )စာလုံးပေါင်းအမျိုးကွဲ ( ) အမည်ပြောင်း ( ) အမည်ဝှက် ( ) ယခင်တရားဝင်အမည် ( ) အခြားအမည် စသည်..

မွေးဖွားမှုဆိုင်ရာ အချက်အလက်၊ နိုင်ငံသားဖြစ်မှု၊ နေရပ်လိပ်စာ၊ ခရီးသွား စာတမ်းအမှတ်အသား သက်သေခံ အထောက်အထားများသည် အကြမ်းဖက်သမားနှင့် ချိတ်ဆက်မှုများကိုပါ ထည့်သွင်းပေးရန်။ ဥပမာ- အကြမ်းဖက်သမား တစ်ဦးချင်းအနေဖြင့် အမျိုးမျိုးသော အချက်အလက်များနှင့် မတူကွဲပြားသော အမည်များဖြင့် ပတ်စ်ပို့အများအပြား ရှိနေနိုင်သောကြောင့် မတူကွဲပြားသော သက်သေခံ အထောက်အထား အချက်အလက်များကို ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်းဖြစ်ပါသည်။

မွေးဖွားမှုအချက်အလက်များ (ဤအမည်နှင့် ဆက်နွယ်ခဲ့မှုများ)	နေရပ်(လမ်း/မြို့/ပြည်နယ်/တိုင်း/ နိုင်ငံ) ရက်----လ ------- ခုနှစ်------- ပြက္ခဒိန်နှစ်
နိုင်ငံသား/နိုင်ငံသားဖြစ်မှု(များ) (ဤအမည်နှင့်ဆက်နွယ်ခဲ့မှုများ)	ရက်စွဲ (လက်ရှိ/ယခင်)
နေထိုင်သည့်နိုင်ငံ (ဤအမည်နှင့် ဆက်နွယ်ခဲ့မှုများ)	
နေရပ်လိပ်စာ (ဤအမည်နှင့် ဆက်နွယ်ခဲ့မှုများ)	ရက်စွဲ (လက်ရှိ/ယခင်)
ခရီးသွားစာတမ်းအမှတ်အသားများ (ဤအမည်နှင့် ဆက်နွယ်ခဲ့မှုများ)	စာတမ်းအမှတ်အသားများ၊ နံပါတ်များ၊ ထုတ်ပေးသည့် အခွင့်အာဏာပိုင်များ၊ မှတ်ချက်များ
အခြား သတင်းအချက်အလက် တစ်ရပ်ရပ်	

အပိုင်း ၁ (ဃ)။ အခြားသတင်းအချက်အလက်

အကြမ်းဖက်သမား၏ ဂုဏ်ထူးဝိသေသများ(ဥပမာ- ဂုဏ်ထူးဆောင်၊ ကြေးစား၊ ဘာသာရေးဆိုင်ရာ၊ စာပေပညာရပ်ဆိုင်ရာနှင့်စပ်ဆိုင်သော သို့မဟုတ် အခြားဂုဏ်ထူးဝိသေသများ သို့မဟုတ် မျိုးရိုးအခြေအနေများ)		
အလုပ်အကိုင် (အကြမ်းဖက်အုပ်စု၊ အဖွဲ့အစည်းတွင် ဝင်ရောက် လုပ်ကိုင်သည့် ရက်စွဲနှင့် အထူးသဖြင့် ၎င်း၏ ရာထူးတာဝန်အဆင့် သတ်မှတ်ချက်တို့ကို ဖော်ပြရန်)		
အိမ်ထောင် ရှိ ၊ မရှိ		
အရေးယူဆောင်ရွက်ထားမှုအခြေအနေ		
အခြားဖြည့်စွက်ဖော်ပြလိုသည့် သတင်းအချက်အလက်များ		

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

ပုံစံ (က)

အပိုင်း ၁ (င)။ ပုံပန်းသွင်ပြင်ဆိုင်ရာ ဖော်ပြချက်			
အရပ်အမြင့် (စင်တီမီတာဖြင့်)		**မျက်စိအရောင်**	
ကိုယ်အလေးချိန် (ကီလိုဂရမ်ဖြင့်)		**ဆံပင်အရောင်**	
ကိုယ်ခန္ဓာဖွဲ့စည်းပုံ (ဥပမာ-ခန္ဓာကြီးမား/ သေးလှီ)		**အသားအရောင်**	
ကျား/မ			
ပူးတွဲပါရှိသည့်ဓာတ်ပုံ/ ပုံကြမ်း/ ကွန်ပျူတာရေးဆွဲချက်		ပူးတွဲပါရှိသည် ( )။ ပူးတွဲမပါရှိပါ ( )။ အကယ်၍ ပူးတွဲပါရှိသည်ဆိုပါက ပုံ အမျိုးအစားဖော်ပြပါ။	
ပူးတွဲပါရှိသည့် အခြားခန္ဓာဗေဒဆိုင်ရာ အထောက်အထားများ (ဥပမာ- လက်ဗွေ၊ ဒီအင်န်အေ (DNA code)၊မျက်စိစကင်န်ဖတ်ထားမှု သို့မဟုတ် ဒီဂျစ်တယ်ရုပ်သွင်ပြင်ပုံရိပ်)		ပူးတွဲပါရှိသည် ( )။ ပူးတွဲမပါရှိပါ( )။ အကယ်၍ ပူးတွဲပါရှိသည်ဆိုပါက အမျိုးအစားဖော်ပြပါ။	
ကွဲကွဲပြားပြားသိရှိနိုင်မည့် အမှတ်အသားများနှင့် ကိုယ်ခန္ဓာ အသွင်အပြင်များ (ဥပမာ- အနာရွတ်၊ တက်တူးထိုးထား၊ လက်ချောင်းပြတ်)			
လူမျိုးစု/ တိုင်းရင်းသား နောက်ခံအကြောင်း			
ပြောဆိုသည့် ဘာသာစကားများ (တစ်ဦးနှင့်တစ်ဦး သိရှိနားလည်အောင် ပြောဆိုနိုင်သည့် ဘာသာစကားများ၊ လူမျိုးအချင်းချင်း ပြောဆိုနိုင်သည့် ဘာသာစကား၊ အပြည့်အဝ သို့မဟုတ် သာမန်နားလည်ရုံ ပြောဆိုသည့် ဘာသာစကား)			

အပိုင်း ၁ (စ)။ အထက်ပါအတိုင်း သီးခြားသတ်မှတ်ထားခြင်းမရှိသည့် အခြားခွဲခြမ်းစိတ်ဖြာ စဉ်းစားနိုင်သည့် သတင်းအချက်အလက်များ

အပိုင်း ၂။ အမှုဖြစ်စဉ်ဖော်ပြချက်

ပုံစံ (ခ)

အကြမ်းဖက်အုပ်စုအဖြစ် စာရင်းသွင်းခြင်း စံပြုပုံစံ

(နည်းဥပဒေ ၅)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ အကြမ်းဖက်အုပ်စုအဖြစ် တင်သွင်းရာတွင် အောက်ဖော်ပြပါ တိကျခိုင်မာ၍ ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးရန်နှင့် ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ကွက်လပ်ဖြင့် ချန်လှပ်ထားနိုင်ပါသည်။

အပိုင်း ၁ (က) ။ သတင်းအချက်အလက် သတ်မှတ်ဖော်ပြချက်	
အမည်အပြည့်အစုံ	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အမည်အတိုကောက် (ရှိလျှင်)	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
ဖွဲ့စည်းသည့် နေရာ/ အချိန်	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊
လှုပ်ရှားသည့် နယ်မြေများ	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) သတ်မှတ်ကာလ (လ၊ နှစ်မှ - လ၊ နှစ်ထိ)
	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) သတ်မှတ်ကာလ (လ၊ နှစ်မှ - လ၊ နှစ်ထိ)
	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) သတ်မှတ်ကာလ (လ၊ နှစ်မှ - လ၊ နှစ်ထိ)
နေရပ်လိပ်စာ (ရှိလျှင်)	လက်ရှိ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)ရက်စွဲ၊ ယခင် (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ၊

အပိုင်း ၁ (ခ)။ **အခြားအမည်** (မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ထားရှိရန်)	
အမည် (ယခင်သိရသည့်အမည်များပါ အပါအဝင်)	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အမည်အမျိုးအစား	( ) အမည်အပြောင်းအလဲ ( ) စာလုံးပေါင်းအပြောင်းအလဲ ( ) ယခင်သိရသည့်အချက်များ ( ) အခြား၊ ရှင်းလင်းချက်။
အမည် အတိုကောက် (ရှိလျှင်)	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အခြားအမည်နှင့် ပတ်သက်သည့် အခြားသတင်းအချက်အလက်များ	

အပိုင်း ၁ (ဂ)။ တည်ထောင်သူများ၊ ဦးဆောင်သူများနှင့် အခြား အဓိကအချက်အလက်များ (မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့် ထားရှိရန်)	
တည်ထောင်သူ၊ ဦးဆောင်သူ၊ အုပ်စုအဖွဲ့ဝင် သို့မဟုတ် အခြားအဓိကအချက်အလက်များ	
အမည်အပြည့်အစုံ	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
မွေးဖွားမှုအချက်အလက်	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊
နိုင်ငံသား၊ နိုင်ငံသားဖြစ်မှု (ယခင်နှင့် ယခု ခွင့်ပြုခဲ့မှု၊ရုပ်သိမ်းခဲ့မှု၊ ပယ်ဖျက်ခဲ့မှု၊ ထွက်ခွာခဲ့မှုရက်စွဲများ (သိရှိလျှင်)	
နေထိုင်ခဲ့သော နိုင်ငံများ	
လိပ်စာ သို့မဟုတ် တည်နေရာ (ယခင်နှင့် ယခု)	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ၊ (ရက်၊ လ၊ နှစ်၊)
သက်သေခံကတ်နှင့် ခရီးသွားခြင်းဆိုင်ရာ အထောက်အထား လက်မှတ်များ	(စာတမ်းအမှတ်အသားပါအတိုင်း နိုင်ငံသား၊ အမျိုးအစား၊ မည်သူက မည်သည့်နေ့ရက်တွင် မည်သည့်နေရာ၌ မည်သူကို ထုတ်ပေးသည်၊ မွေးဖွားသည့် နေရာနှင့် နေ့ရက်တို့ကို ဖော်ပြရန်)
ရုပ်ပိုင်းဆိုင်ရာ ဖော်ပြချက်များ	(ကျား/ မ/ လူမျိုးစု/ တိုင်းရင်းသား နောက်ခံအကြောင်းနှင့် အခြားအသေးစိတ်အချက်အလက်များ)
အခြားအမည်များ (ရှိလျှင်)	အခြားအမည်များနှင့်စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များ ရှိပါက ဖော်ပြရန်
အခြားဆက်စပ် သတင်းအချက်အလက်များ	

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

အပိုင်း ၁ (ဃ)။ ဖွဲ့စည်းမှုဆိုင်ရာ ကွင်းဆက်များ၊ ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများ နှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ မိခင်အဖွဲ့အစည်းနှင့် လက်အောက်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲများ၊ ညီနောင်အဖွဲ့အစည်းများ အားလုံးကို ဖော်ပြရန်။ မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့်ထားရှိရန်။	
ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ	
အမည်အပြည့်အစုံ	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
ဖွဲ့စည်းသည့် နေရာ/ အချိန်	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊
လိပ်စာ သို့မဟုတ် တည်နေရာ	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ (ရက်၊ လ၊)
ငွေကြေးဆိုင်ရာသတင်းအချက်အလက်များ	ပိုင်ဆိုင်မှု၊အဓိကထောက်ပံ့မှုရရှိနေသည့် အရင်းအမြစ်များ
အခြားအမည်များ	အခြားအမည်များနှင့် စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်း အချက်အလက်များရှိပါက ဖော်ပြရန်။
အခြားဆက်စပ်သတင်းအချက်အလက်များ	

ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ	
အမြဲတမ်းရည်ညွှန်းရမည့်နံပါတ်	စာရင်းသွင်းပြီးဖြစ်လျှင် အမြဲတမ်းရည်ညွှန်းရမည့် နံပါတ်
အမည်အပြည့်အစုံ	(လက်တင်စာသားဖြင့်)
	မူရင်းစာသား(လက်တင်စာသားမဟုတ်လျှင်) ညွှန်းပြစာသား(ဥပမာ-အာရေးဗျ၊ တရုတ်၊ ရုရှား)
	အခြားစာသားဖြင့် (ရှိလျှင်)
တည်ထောင်မှုအချက်အလက်	နေရာ(လမ်း၊ မြို့၊ ပြည်နယ်/တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊ ပြက္ခဒိန်နှစ်
လိပ်စာ သို့မဟုတ် တည်နေရာ	နေရာ(လမ်း၊ မြို့၊ ပြည်နယ်/တိုင်း၊ နိုင်ငံ) ရက်စွဲ (ရက်၊ လ၊ နှစ်၊ ပြက္ခဒိန်နှစ်)
ငွေကြေးဆိုင်ရာသတင်းအချက်အလက်များ	ပိုင်ဆိုင်မှု၊ အဓိကထောက်ပံ့မှုရရှိနေသည့် အရင်းအမြစ်များ
သိရသည့်အမည်များ (AKAs)	AKAs အသီးသီးနှင့်စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များအရ (မူရင်း အခြားအမည်/ အခြားစာသား အပါအဝင်) AKAs အမျိုးအစား (ကောင်းမွန်သော/ နိမ့်ကျသော အရည်အသွေး)၊
အခြားဆက်စပ်သတင်းအချက်အလက်များ	

အပိုင်း ၁ (င)။ အခြားသတင်းအချက်အလက်များ

အပိုင်း ၁ (စ)။ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များ			
သိရှိရသော ပိုင်ဆိုင်သည့် ငွေကြေးပစ္စည်းများ	ရန်ပုံငွေ	တန်ဖိုး	
		ဘဏ်စာရင်း	
		ဘဏ်စာရင်းအမှတ်	
	အခြားငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ	တန်ဖိုး	
		အမျိုးအစားနှင့် အချိန်ကာလ	
		ထိန်းသိမ်းထားရှိမှု	
	ပစ္စည်းပိုင်ဆိုင်မှု	တန်ဖိုး	
		လိပ်စာ	
		မှတ်ပုံတင်အမှတ်	
		မှတ်ပုံတင်ခွင့်ပြုချက်	
	အခြားပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ	တန်ဖိုး	
		အမျိုးအစား	
အဓိကထောက်ပံ့နေသော အရင်းအမြစ်များ	အလှူရှင်များ ( )		
	ငွေကြေးခဝါချမှုများ ( )		
	အခြား ( )၊ ရှင်းလင်းဖော်ပြချက်		

အပိုင်း ၁ (ဆ)။ အထက်တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် အခြားသတင်းအချက်အလက်များ

အပိုင်း ၂။ အမှုဖြစ်စဉ်ဖော်ပြချက်

ပုံစံ (ဂ)

ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအဖြစ် အမည်စာရင်း တင်သွင်းရေးအတွက် စံပြုပုံစံ

(နည်းဥပဒေ ၅)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့်တာဝန်ခံများအဖြစ် အမည်စာရင်းတင်သွင်းရာတွင် အောက်ဖော်ပြပါ တိကျခိုင်မာ၍ ဖော်ထုတ်ရရှိသည့်သတင်း အချက်အလက်များ ထောက်ပံ့ပေးရန်နှင့် ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ကွက်လပ်ဖြင့် ချန်လှပ်ထားနိုင်ပါသည်။

အပိုင်း ၁ (က) ။ သတင်းအချက်အလက် သတ်မှတ်ဖော်ပြချက်	
အမည်အပြည့်အစုံ	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အမည်အတိုကောက် (ရှိလျှင်)	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အဖွဲ့အစည်းနှင့် တာဝန်ခံ ဆောင်ရွက်သူ အမျိုးအစား	၁။ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း သို့မဟုတ် အခြား စီးပွားရေးအဖွဲ့အစည်း ( ) ၂။ အကျိုးအမြတ်ရယူခြင်း မရှိသောအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်း ( ) ၃။ ယုံမှတ်အပ်နှံမှုအဖွဲ့အစည်း၊ ဖောင်ဒေးရှင်း၊ ရန်ပုံငွေ သို့မဟုတ် လှူဒါန်းထောက်ပံ့သည့် အဖွဲ့အစည်း ( ) ၄။ အခြား ( ) ဖော်ပြရန်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

မှတ်ပုံတင် သတင်းအချက်အလက်	မှတ်ပုံတင်အမှတ် –
	မှတ်ပုံတင်ထုတ်ပေးသည့်အာဏာပိုင် –
	မှတ်ပုံတင်စီးပွားရေးလုပ်ငန်း/ ကုန်သွယ်မှုအမည်–
	မှတ်ပုံတင်ထားသည့် ပင်မလိပ်စာ
လိုင်စင် / သက်သေခံလက်မှတ်	လိုင်စင်အမျိုးအစား
	လိုင်စင်အမှတ်
	လိုင်စင်ထုတ်ပေးသည့်အာဏာပိုင်
	လိုင်စင် ထုတ်ပေးသည့်ရက်စွဲနှင့် ကုန်ဆုံးမည့် ရက်စွဲ
ဖွဲ့စည်းသည့် နေရာ/ အချိန်	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊
လှုပ်ရှားသည့် နယ်မြေများ	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) သတ်မှတ်ကာလ (ရက်၊ လ၊ နှစ်၊)
	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) သတ်မှတ်ကာလ (ရက်၊ လ၊ နှစ်၊)
	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) သတ်မှတ်ကာလ (ရက်၊ လ၊ နှစ်၊)
နေရပ်လိပ်စာ (ရှိလျှင်)	လက်ရှိ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)ရက်စွဲ၊ ယခင် (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ၊

အပိုင်း ၁ (ခ)။ အခြားအမည်
(မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ထားရှိရန်)

အမည်	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အမျိုးအစား	( ) အမည်အပြောင်းအလဲ ( ) စာလုံးပေါင်းအပြောင်းအလဲ ( ) ယခင်သိရသည့်အချက်များ ( ) အခြား၊ ရှင်းလင်းချက်။
အမည် အတိုကောက် (ရှိလျှင်)	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
အခြားအမည်နှင့် သက်ဆိုင်သော အခြားသတင်းအချက်အလက်များ	

အပိုင်း ၁ (ဂ)။ ပိုင်ရှင်များ၊ ဒါရိုက်တာများ၊ မန်နေဂျာများနှင့် အရာရှိများ
(မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့် ထားရှိရန်)

ပိုင်ရှင်များ၊ ဒါရိုက်တာများ၊ မန်နေဂျာများ နှင့် အရာရှိများ

အမည်အပြည့်အစုံ	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
မွေးဖွားမှုအချက်အလက်	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊
နိုင်ငံသား၊ နိုင်ငံသားဖြစ်မှု(ယခင်နှင့် ယခု ခွင့်ပြုခဲ့မှု၊ ရုပ်သိမ်းခဲ့မှု၊ ပယ်ဖျက်ခဲ့မှု၊ ထွက်ခွာခဲ့မှု ရက်စွဲများ (သိရှိလျှင်)	
နေထိုင်ခဲ့သော နိုင်ငံများ	
လိပ်စာ သို့မဟုတ် တည်နေရာ (ယခင်နှင့် ယခု)	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ၊ (ရက်၊ လ၊ နှစ်၊)
သက်သေခံကတ်နှင့် ခရီးသွားခြင်း ဆိုင်ရာအထောက်အထားလက်မှတ်များ	(စာတမ်းအမှတ်အသားပါအတိုင်း နိုင်ငံသား၊ အမျိုးအစား၊ မည်သူက မည်သည့်နေ့ရက်တွင် မည်သည့်နေရာ၌ မည်သူကို ထုတ်ပေးသည်၊ မွေးဖွားသည့် နေရာနှင့် နေ့ရက်တို့ကို ဖော်ပြရန်)
ရုပ်ပိုင်းဆိုင်ရာ ဖော်ပြချက်များ	(ကျား/မ/လူမျိုးစု/တိုင်းရင်းသား/ နောက်ခံအကြောင်း နှင့်အခြား အသေးစိတ်အချက်အလက်များ)
အခြားအမည်များ	အခြားအမည်များနှင့်စပ်လျဉ်း၍ ထပ်မံရရှိသော အခြား သတင်းအချက်အလက်များရှိပါက ဖော်ပြရန်။
အခြားဆက်စပ်သတင်းအချက်အလက်များ	

အပိုင်း ၁ (ဃ)။ ဖွဲ့စည်းမှုဆိုင်ရာ ကွင်းဆက်များ၊ ပါဝင်/ ဆက်နွှယ်သည့် အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ

မိခင်အဖွဲ့အစည်းနှင့်လက်အောက်ခံအဖွဲ့အစည်းနှင့်အဖွဲ့ခွဲများ၊ညီနောင်အဖွဲ့အစည်းများ အားလုံးကို ဖော်ပြရန်။ မရရှိနိုင်သော သတင်းအချက်အလက်များ ရှိပါက ကွက်လပ်ဖြင့် ထားရှိရန်။

ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ

အမည်အပြည့်အစုံ	မြန်မာအမည်
	အင်္ဂလိပ်အမည်
	အခြားဘာသာဖြင့် (ရှိလျှင်)
ဖွဲ့စည်းသည့်နေရာ/ အချိန်	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်၊ လ၊ နှစ်၊
လိပ်စာ သို့မဟုတ် တည်နေရာ	နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ (ရက်၊ လ၊ နှစ်၊)
ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ	ပိုင်ဆိုင်မှု၊ အဓိကထောက်ပံ့မှုရရှိနေသည့် အရင်းအမြစ်များ
အခြားအမည်များ	အခြားအမည်များနှင့် စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များရှိပါက ဖော်ပြရန်။
အခြားဆက်စပ်သတင်းအချက်အလက်များ	

အပိုင်း ၁ (င)။ အခြားသတင်းအချက်အလက်များ

အပိုင်း ၁ (စ)။ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များ

သိရှိရသော ပိုင်ဆိုင်သည့် ငွေကြေးပစ္စည်းများ	ရန်ပုံငွေ	တန်ဖိုး	
		ဘဏ်စာရင်း	
		ဘဏ်စာရင်းအမှတ်	
	စတော့ခ်များ၊ ဘွန်းများ နှင့် အခြားငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ	တန်ဖိုး	
		အမျိုးအစားနှင့် အချိန်ကာလ	
		ထိန်းသိမ်းထားရှိမှု	
	ပစ္စည်းပိုင်ဆိုင်မှု	တန်ဖိုး	
		လိပ်စာ	
		မှတ်ပုံတင်အမှတ်	
		မှတ်ပုံတင်ခွင့်ပြုချက်	
	အခြားပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ	တန်ဖိုး	
		အမျိုးအစား	
အဓိကထောက်ပံ့နေသော အရင်းအမြစ်များ	အလှူရှင်များ ( )		
	ငွေကြေးခဝါချမှုများ ( )		
	အခြား ( )၊ ရှင်းလင်းဖော်ပြချက်		

အပိုင်း ၁ (စ)။ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များ

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

ပုံစံ (ဃ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ
(နည်းဥပဒေ ၉၁)

သို့

ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အကြောင်းအရာ။ ။ **အကြမ်းဖက်တရားခံအား လွှဲပြောင်းပေးရန်၊ တရားခံအား ရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၁။ .... တွင်ဖြစ်ပွားသော .... အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စုံစမ်းစစ်ဆေးရန် / စုံစမ်းထောက်လှမ်းရန် / တရားစွဲဆိုရန် / ပြန်လည်စစ်ဆေး စီရင်နိုင်ရန် ရှိပါသဖြင့် ပြည်ပနိုင်ငံ / မြို့ / ဒေသ.............................. အတွင်း ရောက်ရှိနေသူ .... မြန်မာနိုင်ငံသားအား ရှာဖွေဖမ်းဆီး၍ နိုင်ငံတော်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် သံတမန်လမ်းကြောင်းအရ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ရန် အကြောင်းကြားအပ်ပါသည်။

၂။ အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသည့်ကိစ္စနှင့်သက်ဆိုင်သည့် အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ..
....
....
....
....

(ခ) အရေးယူထားသည့် ဥပဒေနှင့်ပုဒ်မ ....
....
....

(ဂ) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ ....
....
....

(ဃ) ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက ဆောင်ရွက်ရန်ဖော်ပြချက်)..
....

(င) တောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ကျင့်သုံးနေသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ..
....

(စ) နိုင်ငံတော်တွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူ အရာရှိ၏ အမည်၊ ဌာနနှင့် လုပ်ငန်းတာဝန်..
....

(ဆ) အခြားလိုအပ်သောအချက်များ ....
....

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ

စာအမှတ်။ ....
ရက်စွဲ ။ ....
မှတ်ချက်။ မသက်ဆိုင်သည့်စာသားကိုဖျက်ရန်။

ပုံစံ (င)

တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမား၏ အကြောင်းအရာ အထွေထွေအချက်များ
(နည်းဥပဒေ ၉၁)

၁။	တရားခံအမည်	-	....
၂။	အခြားအမည် (ရှိလျှင်)	-	....
၃။	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	-	....
၄။	နိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေး	-	....
	သည့်ရက်စွဲ၊ ထုတ်ပေးသည့်နေရာ		....
၅။	အလုပ်အကိုင်	-	....
၆။	အဘနှင့် အမိအမည်	-	....
၇။	မွေးဖွားရာအရပ်	-	....
၈။	အမြဲနေထိုင်ရာအရပ်	-	....
၉။	အသက် / မွေးသက္ကရာဇ်	-	....
၁၀။	လူမျိုး / ဘာသာ	-	....
၁၁။	အရပ်	-	....
၁၂။	ပုံပန်း	-	....
၁၃။	ဆံပင်	-	....
၁၄။	မျက်ခုံးများ	-	....
၁၅။	နဖူး	-	....
၁၆။	မျက်စိများ	-	....
၁၇။	နှာခေါင်း	-	....
၁၈။	ပါးစပ်	-	....
၁၉။	သွားများ	-	....
၂၀။	လက်ချောင်းများ	-	....
၂၁။	နားရွက်များ	-	....
၂၂။	မျက်နှာရှည်သည် / ဝိုင်းသည် /	-	....
	မျက်နှာထားချိုသည် / မျက်နှာထား	-	....
	ပုပ်သည် / တွန့်ကြောင်းများသည်	-	....
၂၃။	အသားအရောင်	-	....
၂၄။	မုတ်ဆိတ်	-	....
၂၅။	နှုတ်ခမ်းမွေးများ	-	....
၂၆။	ထူးခြားသော အမှတ်အသားများ	-	....
၂၇။	ထူးခြားသော အမှုအရာများ	-	....
၂၈။	အမြဲဝတ်တတ်သော အဝတ်	-	....
	တန်ဆာများ		....
၂၉။	အမှုအကြောင်းအရာ အကျဉ်းချုပ်	-	....
		-	....

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှု

ပဲခူး မတ် ၁၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အထက(ဘုရားကြီး)သို့ ရောက်ရှိခဲ့ပြီး စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်ဟောင်း) ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ပြီး စာမေးပွဲဖြေနေစဉ် စာစစ်ဌာနအလိုက် ကျန်းမာရေးအဖွဲ့များထားရှိရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကျောင်းအတွင်းရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ စာသင်ခုံများ ပြန်လည်ပြုပြင်နိုင်ရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုလျက်ရှိ

ပဲခူးမြို့နယ် ဘုရားကြီးမြို့ အထက(ဘုရားကြီး) တွင် စာဖြေသူဦးရေ ၁၉၀ ၊ လာရောက်ဖြေဆိုသူ ၁၆၇ ဦး ဖြစ်ကာ စာမေးပွဲဖြေဆိုသူ ၈၇ ဒသမ ၈၉ ရာခိုင်နှုန်းရှိပြီး တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၇၅ ခုရှိကာ စာရင်းရှိ ကျောင်းသားဦးရေ ၁၃၆၃၀ ၊ စာမေးပွဲဖြေဆိုသူ ၁၂၃၈၇ ဦးဖြစ်သဖြင့် ၉၀ ဒသမ ၈၈ ရာခိုင်နှုန်း တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်ဟောင်း) ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ် (ပုသိမ်) ၌ ကျောင်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

ဧရာဝတီ မတ် ၁၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် မတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးရှိ နည်းပညာတက္ကသိုလ် (ပုသိမ်) ၌ ကျောင်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာဌာနနှင့် သုတနည်းပညာဌာနများမှ ကျောင်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ (ယာပုံ) စာမေးပွဲ စည်းကမ်းများနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ရန်၊ စာမေးပွဲခန်းများအတွင်း လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် ကျောင်းသားများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားလိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိုင်ငံတော်အတွက် တောက်ပသော အနာဂတ်ကောင်းများကို ပုံဖော်ဖန်တီးပေးနိုင်မည့် အင်ဂျင်နီယာပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်သွားရန်၊ ပြည်သူ့အကျိုးပြု အင်ဂျင်နီယာတက္ကသိုလ်ရပ်ဝန်းတစ်ခု ဖြစ်ရေး ကြိုးပမ်းစွမ်းဆောင်ကြရန် တိုက်တွန်းမှာကြားကာ ဆရာများ၏ အခက်အခဲ တင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ကျောင်းသားများက ပုံစံငယ်များ စမ်းသပ်တည်ဆောက်၍ သုတေသနပြုဆောင်ရွက်လျက်ရှိသော လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနရှိ ကွန်ပျူတာပရိုဂရမ်ထိန်းချုပ်ကိရိယာ (PLC) သုံး လျှပ်စစ်ရထားနှစ်စင်း လမ်းလွှဲစနစ်နှင့် အီလက်ထရောနစ် အင်ဂျင်နီယာဌာနရှိ အာဒွီနိုသုံး လေသန့်စင်စနစ်၊ PLC သုံး ရှစ်ထပ်ကားပါကင်စနစ်နှင့် ရေဒါစနစ်များကိုလည်းကောင်း၊ မြို့ပြအင်ဂျင်နီယာဌာနရှိ မြေဓာတ်ခွဲခန်း၊ အရည်ဓာတ်ခွဲခန်းနှင့် ရေအရင်းအမြစ် ဓာတ်ခွဲခန်းများသို့လည်းကောင်း၊ စက်မှုအင်ဂျင်နီယာဌာနရှိ ကြံ့ခိုင်မှုစမ်းသပ်ခန်းနှင့် အလုပ်ရုံများသို့လည်းကောင်း စစ်ဆေးခဲ့ပြီး Talent ရှိ၍ သုတေသနခံ့မင်သော ကျောင်းသားများကို စနစ်တကျ မြေတောင်မြှောက်ပေး၍ တီထွင်ဖန်တီးမှု စွမ်းရည်များ တိုးတက်လာစေရေးနှင့် နိုင်ငံတကာ နည်းပညာပြိုင်ပွဲများတွင် ယှဉ်ပြိုင်စေကာ နိုင်ငံ့ဂုဏ်ဆောင်ဆုများ ဆွတ်ခူးနိုင်ရေး ပံ့ပိုးပေးရန်၊ သုတေသနသုံး ပစ္စည်းများ လုံလောက်စွာ ဖြည့်ဆည်းထားရှိရန်၊ အခြားတက္ကသိုလ်များနှင့် ကွန်ရက်ချိတ်ဆက်ကာ သုတေသနများကို ထိရောက်ပီပြင်စွာ ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘားအံခရိုင်၌ ပဉ္စမအကြိမ် နွေရာသီ အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းဖွင့်

ဘားအံ မတ် ၁၃

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းချီပညာရှင်များနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပဉ္စမအကြိမ်မြောက် နွေရာသီပန်းချီ အခြေခံသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းများကို ဘားအံခရိုင် လူထုအခြေပြုဇာတ်ပြုဌာနခန်းမ၌ မတ် ၉ ရက်မှစ၍ သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းတွင် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဆရာဦးစောအောင်ဘက အင်္ဂလိပ်စာ Grammar အခြေခံကို 4 Skills ဖြင့် သင်ကြားပို့ချပေးပြီး အခြေခံပန်းချီသင်တန်းတွင် ပန်းချီဆရာဦးသစ်မင်းနှင့် ပန်းချီဆရာ ဦးစောထွန်းနောင်စိုးတို့က အခြေခံမျဉ်းများအကြောင်း၊ အရောင်များအကြောင်း စသည်တို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါ ပန်းချီပညာသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၇၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအား အာဟာရဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်နိုင်ရန်အတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦးရှိ

နေပြည်တော် မတ် ၁၃

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦး ရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြား စာစစ်ဌာန ၅ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၈ ခု စာစစ်ဌာန စုစုပေါင်း ၈၄၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၃၅၅၉၂ ဦးရှိပြီး စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း အနေဖြင့် ၉၀ ဒသမ ၃၉ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

အခြေခံပညာဦးစီးဌာန

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ဓာတုဗေဒဘာသာရပ် ရက်စွဲ၊ ၁၃ - ၃ - ၂၀၂၃

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ခရိုင် အရေအတွက်	မြို့နယ် အရေအတွက်	စာစစ်ဌာန အရေအတွက်	စာရင်းရှိဦးရေ			ဖြေဆိုသူဦးရေ			ပျက်ကွက်သူဦးရေ			ဖြေဆို ရာနှုန်း	ပျက်ကွက် ရာနှုန်း	မှတ်ချက်
					ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း	ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း	ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း			
၁	ကချင်	၆	၁၅	၃၀	၈၃၀	၆၂၂၂	၇၀၅၂	၈၁၃	၅၇၂၂	၆၅၃၅	၁၇	၅၀၀	၅၁၇	၉၂.၆၇%	၇.၃၃%	
၂	ကယား	၃	၄	၄	၈၇	၄၉၅	၅၈၂	၈၇	၄၅၈	၅၄၅	၀	၃၇	၃၇	၉၃.၆၄%	၆.၃၆%	
၃	ကရင်	၆	၇	၁၃	၄၅၆	၁၈၂၉	၂၂၈၅	၄၂၃	၁၆၃၉	၂၀၆၂	၃၃	၁၉၀	၂၂၃	၉၀.၂၄%	၉.၇၆%	
၄	ချင်း	၆	၈	၁၃	၂၂၄	၁၂၂၃	၁၄၄၇	၂၀၃	၉၅၁	၁၁၅၄	၂၁	၂၇၂	၂၉၃	၇၉.၇၅%	၂၀.၂၅%	
၅	စစ်ကိုင်း	၁၄	၃၁	၅၀	၈၅၄	၅၆၉၀	၆၅၄၄	၈၀၂	၄၈၄၇	၅၆၄၉	၅၂	၈၄၃	၈၉၅	၈၆.၃၂%	၁၃.၆၈%	
၆	တနင်္သာရီ	၄	၁၀	၁၉	၉၇၄	၂၉၄၉	၃၉၂၃	၉၂၈	၂၆၅၀	၃၅၇၈	၄၆	၂၉၉	၃၄၅	၉၁.၂၀%	၈.၇၉%	
၇	ပဲခူး(ရှေ့)	၃	၁၄	၃၂	၁၀၇၉	၅၁၃၆	၆၂၁၅	၁၀၃၉	၄၆၁၀	၅၆၄၉	၄၀	၅၂၆	၅၆၆	၉၀.၈၉%	၉.၁၁%	
၈	ပဲခူး(နောက်)	၃	၁၄	၄၃	၈၇၃	၄၅၉၉	၅၄၇၂	၈၄၈	၄၁၇၆	၅၀၂၄	၂၅	၄၂၃	၄၄၈	၉၁.၈၁%	၈.၁၉%	
၉	မကွေး	၇	၂၄	၅၃	၆၆၁	၁၀၉၄၇	၁၁၆၀၈	၆၄၇	၉၉၄၈	၁၀၅၉၅	၁၄	၉၉၉	၁၀၁၃	၉၁.၂၇%	၈.၇၃%	
၁၀	မန္တလေး	၁၁	၂၈	၉၇	၃၆၈၉	၁၈၀၄၆	၂၁၇၃၅	၃၅၉၂	၁၆၃၇၃	၁၉၉၆၅	၉၇	၁၆၇၃	၁၇၇၀	၉၁.၈၆%	၈.၁၄%	
၁၁	မွန်	၄	၁၀	၂၃	၁၂၉၉	၄၂၆၅	၅၅၆၄	၁၂၂၈	၃၉၃၂	၅၁၆၀	၇၁	၃၃၃	၄၀၄	၉၂.၇၄%	၇.၂၆%	
၁၂	ရခိုင်	၇	၁၇	၅၆	၂၀၅	၁၂၁၆၈	၁၂၃၇၃	၁၉၈	၁၀၆၂၈	၁၀၈၂၆	၇	၁၅၄၀	၁၅၄၇	၈၇.၅၀%	၁၂.၅၀%	
၁၃	ရန်ကုန်	၁၄	၄၅	၈၂	၁၇၉၇	၂၂၇၆၆	၂၄၅၆၃	၁၇၆၇	၂၀၀၃၂	၂၁၈၉၉	၃၀	၂၆၃၄	၂၆၆၄	၈၉.၁၅%	၁၀.၈၅%	
၁၄	ရှမ်း(တောင်)	၈	၂၁	၅၆	၁၄၇၆	၅၈၁၃	၇၂၈၉	၁၄၄၀	၅၂၂၁	၆၆၆၁	၃၆	၅၉၂	၆၂၈	၉၁.၃၈%	၈.၆၂%	
၁၅	ရှမ်း(မြောက်)	၉	၁၇	၂၀	၈၉၈	၂၂၈၇	၃၁၈၅	၈၅၅	၂၀၆၀	၂၉၁၅	၄၃	၂၂၇	၂၇၀	၉၁.၅၂%	၈.၄၈%	
၁၆	ရှမ်း(ရှေ့)	၇	၁၀	၁၂	၁၃၅	၁၀၄၆	၁၁၈၁	၁၃၀	၉၂၂	၁၀၅၂	၅	၁၂၄	၁၂၉	၈၉.၀၈%	၁၀.၉၂%	
၁၇	ဧရာဝတီ	၈	၂၆	၁၉၆	၁၆၆၄	၇၄၇၈	၉၁၄၂	၁၆၀၈	၆၇၅၉	၈၃၆၇	၅၆	၇၁၉	၇၇၅	၉၁.၅၂%	၈.၄၈%	
၁၈	နေပြည်တော်	၄	၈	၃၉	၂၀၂	၅၂၂၁	၅၄၂၃	၂၀၀	၄၇၂၃	၄၉၂၃	၂	၄၉၈	၅၀၀	၉၀.၇၈%	၉.၂၂%	
၁၉	နိုင်ငံခြား			၅		၉	၉		၉	၉		၀	၀	၁၀၀.၀၀%	၀.၀၀%	
	ပြည်ထောင်စုချုပ်	၁၂၄	၃၀၉	၈၄၃	၁၇၄၀၃	၁၁၈၁၈၉	၁၃၅၅၉၂	၁၆၈၀၈	၁၀၅၇၆၀	၁၂၂၅၆၈	၅၉၅	၁၂၄၂၉	၁၃၀၂၄	၉၀.၃၉%	၉.၆၁%	

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊၅၊၆၊၇၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၂၊၃၊၄) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

နီပေါသမ္မတသစ် ပူဒယ် ကျမ်းသစ္စာကျိန်ဆိုနေစဉ်။

နီပေါနိုင်ငံ၏ ရွေးကောက်ခံသမ္မတသစ် ရမ် ချန်ဒရာ ပူဒယ် ကျမ်းသစ္စာကျိန်ဆို

ခတ္တမန္ဒူ မတ် ၁၃

နီပေါနိုင်ငံ၏ ရွေးကောက်ခံသမ္မတသစ် ရမ် ချန်ဒရာ ပူဒယ်သည် မတ် ၁၃ ရက်တွင် ၎င်း၏ ငါးနှစ်သက်တမ်းထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုကြောင်း သိရသည်။

ပူဒယ်သည် သမ္မတရုံးတွင် နီပေါနိုင်ငံသမ္မတသစ်အဖြစ် ခေတ္တတရားသူကြီးချုပ် ဟာရီ ခရစ်ရှနာ ခါကီ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုခြင်းကို ဆောင်ရွက်သည်။ အာဏာရပါတီရှစ်ခု၏ သမ္မတလောင်းအဖြစ် မတ် ၉ ရက်က သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် အသက် ၇၈ နှစ်ရှိပြီဖြစ်သော ပူဒယ်သည် နီပေါနိုင်ငံ၏ တတိယမြောက်သမ္မတဖြစ်လာကြောင်း သိရသည်။ သမ္မတရွေးကောက်ပွဲတွင် အောက်လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ခုနစ်ခုတို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံ၌ ရေနံယိုဖိတ်မှုကြောင့် လူပေါင်း တစ်သိန်းနီးပါး ထိခိုက်မှုရှိဟုဆို

မနီလာ မတ် ၁၃

ဖိလစ်ပိုင်နိုင်ငံ အော်ရီရန်တယ် မင်ဒိုရိုပြည်နယ် ကမ်းလွန်၌ နစ်မြုပ်ရေနံတင်သင်္ဘောမှ ရေနံယိုဖိတ်မှုကြောင့် လူပေါင်း ၁၀၀၀၀၀ နီးပါး ထိခိုက်မှုရှိခဲ့ပြီး ၁၂ ဦးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာတွေ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဟူမာလီတို ဒိုလာက မတ် ၁၃ ရက်တွင် ပြောသည်။

ဖေဖော်ဝါရီ ၂၈ ရက်က နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် စက်မှုလုပ်ငန်းသုံး စက်သုံးဆီလီတာ ၈၀၀၀၀၀ တင်ဆောင်လာသော သင်္ဘောမှ ရေနံယိုဖိတ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါဖြစ်ရပ်ကြောင့် နိုင်ငံ၏ မြို့တော် မနီလာ၏ အနောက်တောင်ဘက်ရှိ အော်ရီရန်တယ် မင်ဒိုရိုပြည်နယ်မှ ဒေသခံ ၁၂ ဦးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းများ ခံစားနေကြရကြောင်း ဒိုလာက ဒေသတွင်း ရေဒီယိုတစ်ခုသို့ ပြောသည်။

အော်ရီရန်တယ် မင်ဒိုရိုပြည်နယ် ပိုလာကမ်းရိုးတန်း၌ ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုကို တွေ့ရစဉ်။

ထို့အပြင် ကမ်းရိုးတန်းမြို့ဖြစ်သော ပိုလာမြို့မှာ ရေနံယိုဖိတ်မှုကြောင့် အများဆုံးထိခိုက်ခံစားကြရကြောင်းနှင့် မြို့တော်ဝန် ဂျင်နီဖာ ခရုဇ်က ဒေသခံအများစုမှာ ဖျားနာခြင်း၊ ခေါင်းကိုက်ဝေဒနာများ ခံစားနေရခြင်း၊ ဗိုက်အောင့်ခြင်း၊ မူးဝေခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ မျက်စိကျိန်းစပ်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အအေးမိခြင်း စသည့် ရောဂါဝေဒနာများ ခံစားနေကြရကြောင်း ပြောသည်။

စက်မှုလုပ်ငန်းသုံး စက်သုံးဆီလီတာ ၈၀၀၀၀၀ တင်ဆောင်လာသော အဆိုပါ ရေနံတင်သင်္ဘောမှာ လူဇွန်ကျွန်းရှိ ဘာတန်းပြည်နယ်မှ ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းသို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် အော်ရီရန်တယ် မင်ဒိုရိုပြည်နယ် ကမ်းလွန်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

လာအို၌ ဖေဖော်ဝါရီလတွင် ယာဉ်မတော်တဆမှု ၆၂၄ မှုဖြစ်၊ ၈၅ ဦး သေဆုံး

ဗီယင်ကျန်း မတ် ၁၃

လာအိုနိုင်ငံတစ်ဝန်း ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှုများကြောင့် ၈၅ ဦး သေဆုံးခဲ့ကြောင်း လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာနအောက်ရှိ ယာဉ်ထိန်းရဲဌာန၏ မတ် ၁၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် လာအိုနိုင်ငံ၌ ပြီးခဲ့သည့်လကလည်း ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၁၁၄ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

လာအိုနိုင်ငံတစ်ဝန်း ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၆၂၄ မှု ဖြစ်ပွားခဲ့ပြီး ၈၅ ဦး သေဆုံးကာ အခြား ၉၉၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများမှာ အရက်မူးပြီး မောင်းနှင်ခြင်းနှင့် အရှိန်လွန်ခြင်းတို့ဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်း အများစုတွင် အသက် ၁၆ နှစ်မှ ၃၀ အကြား ယာဉ်မောင်းများ ပါဝင်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းတွင် နိုင်ငံခြားခရီးသွားပါဝင်မှု အရေအတွက်မှာလည်း မြင့်တက်လျက်ရှိရာ အထူးသဖြင့် ဗီယက်နမ်လူမျိုး ခရီးသွားအများစုဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဇန်နဝါရီလတွင် လာအိုနိုင်ငံ၌ ယာဉ်မတော်တဆမှုပေါင်း ၇၇၀ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ယခုနှစ်အတွင်း ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု အနည်းဆုံးဖြစ်

တိုကျို မတ် ၁၃

နိုင်ငံတစ်ဝန်း မတ် ၁၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၃၃၆၈ ဦး တွေ့ရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အဆိုပါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ယခုနှစ်အတွင်း ကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၂၇ ဦးရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ပြည်နယ် ၄၇ ခုရှိသည့်အနက် တိုကျိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်မှုသစ် ၃၁၃ ဦးဖြင့် ကူးစက်မှု အများဆုံးဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်ထက် ၂၂ ဦး လျော့နည်းသွားကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း ရောဂါပြင်းထန်သော အခြေအနေတွင်ရှိသူ အရေအတွက်မှာ ၁၁၁ ဦးရှိပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ တိုကျိုမြို့မှ ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

သီရိလင်္ကာ၌ ဖေဖော်ဝါရီလအတွင်း ခရီးသွားလုပ်ငန်းမှ ကန်ဒေါ်လာ ၁၆၉ ဒသမ ၉ သန်းရရှိ

ကိုလံဘို မတ် ၁၃

သီရိလင်္ကာနိုင်ငံသည် ဖေဖော်ဝါရီလအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၉ သန်းရရှိခဲ့ကြောင်း နိုင်ငံ၏ ခရီးသွားလာရေးဝန်ကြီးက မတ် ၁၃ ရက်တွင် ပြောသည်။

အဆိုပါ ပမာဏမှာ ပြီးခဲ့သည့်နှစ်က ဒေါ်လာ ၁၆၉ ဒသမ ၄ သန်းရှိရာမှ တိုးမြင့်လာကြောင်း ခရီးသွားလာရေးဝန်ကြီး ဟာရင် ဖာနန်ဒိုက ဆင်ဟွာသို့ ပြောကြားသည်။

၂၀၂၃ ခုနှစ် ပထမနှစ်လအတွင်း သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၂၁၀၀၀၀ ကျော် ဝင်ရောက်ပြီး ဒေါ်လာ ၃၃၁ ဒသမ ၇ သန်းရရှိကြောင်း ၎င်းက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံသို့ ဇန်နဝါရီလတွင် ၁၀၂၅၄၅ ဦးနှင့် ဖေဖော်ဝါရီလတွင် ၁၀၇၆၃၉ ဦး လာရောက်လည်ပတ်ကြောင်း သိရသည်။ ယခုနှစ် မတ်လ ၈ ရက်အထိ ခရီးသွားဝင်ရောက်မှုမှာ ၂၃၄၅၄၇ ဦးရှိပြီး ယမန်နှစ်အလားတူကာလထက် ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးလာသည်ဟု ခရီးသွားလာရေးဝန်ကြီးက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ခရီးသွား ၁ ဒသမ ၅ သန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃ သန်းခန့်ကို ဆွဲဆောင်နိုင်ရန် ရည်မှန်းထားသည်။ **ဆင်ဟွာ**

အဝေးထိန်းအာရုံခံစနစ်သုံး ဂြိုဟ်တုသစ်တစ်စင်း တရုတ် အောင်မြင်စွာလွှတ်တင်

ကျိုချွမ် မတ် ၁၃

တရုတ်နိုင်ငံသည် အဝေးထိန်းအာရုံခံစနစ်သုံး ဂြိုဟ်တုသစ်တစ်စင်းကို နိုင်ငံအနောက်မြောက်ပိုင်းဒေသရှိ ကျိုချွမ် ဂြိုဟ်တုလွှတ်တင်ရေး စင်တာမှ အာကာသထဲသို့ မတ် ၁၃ ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဝေးထိန်းအာရုံခံစနစ်သုံးဂြိုဟ်တုကို လောင်းမာ့ချ်-၂ စီ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၂ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသည့် ပတ်လမ်းထဲသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ယခုအကြိမ် ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ် သယ်ဆောင်ရေးဒုံးပျံများ၏ ၄၆၆ ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ကျိုချွမ် ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လောင်းမာ့ချ်-၂ စီ သယ်ဆောင်ရေးဒုံးပျံဖြင့် အဝေးထိန်းအာရုံခံစနစ်သုံး ဂြိုဟ်တုလွှတ်တင်မှုကို မတ် ၁၃ ရက်က တွေ့ရစဉ်။

ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၁၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၀၃,၄၅၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၅၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၃-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၅၅	၂၂၀၅	၂၁၉၅	၂၁၆၅	၂၂၀၀	၂၂၂၅	၂၂၁၀	၂၁၉၀	၂၂၈၅	၂၃၀၀	၂၁၉၅	၂၂၀၅	၂၂၄၀	၂၂၄၀	၂၂၄၅	၂၄၇၀	၂၈၁၀
95 Ron	၂၂၄၀	၂၂၉၀	၂၂၉၀	၂၂၅၀	၂၂၉၀	၂၃၁၀	၂၂၉၅	၂၂၇၅	၂၃၇၀	၂၃၉၀	၂၂၈၀	၂၂၉၅	၂၃၂၅	၂၃၂၅	၂၃၃၀	၂၅၆၀	၂၈၈၅
HSD (500 ppm)	၂၁၉၀	၂၂၄၀	၂၂၄၀	၂၂၀၀	၂၂၄၀	၂၂၆၀	၂၂၆၀	၂၂၂၅	၂၃၄၅	၂၃၄၀	၂၂၃၀	၂၂၄၅	၂၂၇၅	၂၂၈၀	၂၂၈၀	၂၅၁၀	၃၁၀၀
HSD (50 ppm)	၂၂၇၀	၂၃၂၀	၂၃၂၀	၂၂၈၀	၂၃၂၀	၂၃၄၀	၂၃၄၀	၂၃၀၅	၂၄၂၅	၂၄၂၀	၂၃၁၀	၂၃၂၅	၂၃၅၅	၂၃၆၀	၂၃၆၀	၂၅၉၀	၃၁၃၀
HSD (10 ppm)	၂၂၇၀	၂၃၂၀	၂၃၂၀	၂၂၈၀	၂၃၂၀	၂၃၄၀	၂၃၄၀	၂၃၀၅	၂၄၂၅	၂၄၂၀	၂၃၁၀	၂၃၂၅	၂၃၅၅	၂၃၆၀	၂၃၆၀	၂၅၉၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၄၅	၂၁၂၀
95 Ron	၂၁၂၉	၂၂၀၅
HSD (500 ppm)	၂၀၈၅	၂၁၅၆
HSD (50 ppm)	၂၁၅၉	၂၂၃၁
HSD (10 ppm)	၂၁၅၉	၂၂၃၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ငါးဖယ်မျိုးစိတ်များ မျိုးမသုဉ်းစေရေး ပူးပေါင်းပါဝင်ကူညီပေး

မြန်မာ့ငါးများ တွင် ရေချို၊ ရေငန်သဘာဝငါးများနှင့် မွေးမြူရေးငါးများဟူ၍ရှိရာ အဆိုပါငါးများကို ပြည်တွင်းစားသုံးမှုအတွက် ဖြန့်ဝေလျက်ရှိသကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း တင်ပို့ရောင်းချလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် ကုန်းတွင်းရေချိုအိုင်ကြီးတစ်ခုနှင့် ကန်ကြီးတစ်ကန်ရှိသည်။ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ အင်းလေးကန်တို့ဖြစ်၍ လူသိများ ထင်ရှားသည်။

ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော် နေထိုင်ကျက်စား

အင်းတော်ကြီးအိုင်မှာ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီး ဖြစ်သည်။ အင်းတော်ကြီးအိုင်တွင် မြန်မာ့ရှားပါး ငါးမျိုးစိတ်များဖြစ်သော ရေနရားငါးမျိုးစိတ်နှင့် မိကျောင်းသွားကြားထိုးတံငါးမျိုးစိတ်နှစ်မျိုးကို တွေ့နိုင်ပြီး ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော်နေထိုင်ကျက်စားလျက်ရှိကြောင်းလည်း သိရသည်။

အင်းတော်ကြီးအိုင်တွင် အများဆုံးတွေ့ရသော ငါးများမှာ ငါးဒေါင်စင်း၊ ငါးစင်စပ်၊ ငါးဖယ်၊ ငါးဘတ်၊ ငါးကြောင်း၊ ငါးခုံးမ၊ တီလားပီးယား၊ ငါးလဘိ၊ ငါးစင်ရိုင်း၊ ငါးပြေမ၊ ငါးခူ၊ ငါးရံ့နှင့် ငါးမြစ်ချင်းတို့ ဖြစ်ကြသည်။

အလားတူ အင်းလေးကန်တွင်လည်း ငါးမျိုးစိတ် ၈၀ ကျော် မှတ်တမ်းပြုနိုင်ခဲ့ပြီး ဖြစ်သည်။ အင်းလေးကန်တွင်သာ နေထိုင်ကျက်စားသည့် မြန်မာ့ဒေသရင်း ငါးဖိန်းနှင့် ငါးခူရှင်ဖတို့လည်း ရှိသေးသည်။ အင်းလေးကန်ထွက် အသေးစားငါးဖြစ်သော ငါးသဖွဲခြောက်မှာ ထင်ရှားသည်။

ဒီရေရောက်ဧရိယာများတွင်တွေ့ရှိနိုင်

မြန်မာ့ငါးများတွင် အဆိုပါငါးများအပြင် လူသိများ၍ ပေါ်ပြူလာဖြစ်သော ငါးတစ်မျိုးမှာ “ငါးဖယ်” ဖြစ်သည်။ ရေလုပ်ငန်းလုပ်ကိုင်သူတချို့ကလည်း ငါးဖယ်ကို ‘ငါးဖယ်’ဟု ခေါ်ခြင်းကို မနှစ်သက်ကြပါ။ ၎င်းငါးမိလျှင် အခြားငါးများကို ဖယ်ထုတ်ပစ်တတ်သည်ဟူသော အယူအဆရှိကြသဖြင့် ငါးဖယ်အစား‘ငါးပြား’ဟုသာ သုံးနှုန်းကြပါသည်။ အများသိကြသော ငါးဖယ်ငါးမှာ ရေချိုအင်းအိုင်များ၊ မြစ်ချောင်းများ၊ ရေလျှံကွင်းများနှင့် ရေဝပ်မြေများတွင် ရှင်သန်ကျက်စားကြသည်။ ရေချိုသီးသန့်မဟုတ်ဘဲ ရေချို၊ ရေငန်စပ်သော ဒီရေရောက်ဧရိယာများတွင်လည်း တွေ့ရှိနိုင်သည်။

ငါးဖယ်ငါးကို သိပ္ပံအမည်အားဖြင့် Notopterus notopterus ဟု မှည့်ခေါ်ထားပါသည်။ ဂရိဘာသာစကားဖြင့် ‘Noton’မှာ ကျောဘက်ကို ဆိုလိုပြီး ‘pteron’မှာ အတောင်ပံကဲ့သို့ ရေယက်တောင်ဟူ၍ အဓိပ္ပာယ်သက်ရောက်ကြောင်း မှတ်သားမိပါသည်။



ငါးဖယ်ငါး (Notopterus notopterus)

> ✳ **အင်းတော်ကြီးအိုင်မှာ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည်။ အင်းတော်ကြီးအိုင်တွင် မြန်မာ့ရှားပါး ငါးမျိုးစိတ်များဖြစ်သော ရေနရားငါးမျိုးစိတ်နှင့် မိကျောင်းသွားကြားထိုးတံ ငါးမျိုးစိတ်နှစ်မျိုးကို တွေ့နိုင်ပြီး ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော် နေထိုင်ကျက်စားလျက်ရှိ**
>
> ✳ **ငါးဖယ်တို့၏အစာမှာ ပုစွန်၊ ကဏန်းငယ်၊ အင်းဆက်ပိုးငယ်များနှင့် ငါးငယ်များကို အဓိကစားကြသည်။ အပင်များကိုစားရာတွင် ရေနေအပင်၏ အမြစ်များနှင့် အရွက်များကိုလည်း စားသုံးသည်။ အပင်နှင့် သတ္တဝါနှစ်မျိုးစလုံးစားသဖြင့် အစုံစားငါး (Omnivorous)မျိုးဖြစ်**

ငါးဖယ်မျိုးစိတ်ရှစ်ခုရှိပြီး မြန်မာနိုင်ငံတွင် ရိုးရိုးငါးဖယ်၊ ငါးဖယ်ခုံးနှင့် ငါးဖယ်ဘေးပြောက် (အနည်းငယ်)တို့ ရှိသည်။ ရိုးရိုးငါးဖယ်နှင့် ငါးဖယ်ဘေးပြောက်တို့မှာ အလျားစင်တီမီတာ ၄၀ ခန့်ထိ ရှည်လျား၍ ငါးဖယ်ခုံးမှာ အလျားတစ်ပေမှ သုံးပေခန့်အထိ ရှည်လျားနိုင်ကြောင်းလည်း မှတ်သားမိပါသည်။

ငါးဖယ်တို့၏ကိုယ်ခန္ဓာမှာ ဘေးတိုက်ပြား၍ ဝမ်းဘက်ပိုင်း ဓားသွားကဲ့သို့ရှိသည်။ ကျောအရှေ့ပိုင်းခုံး၍ ကျောဘက်ဆူးတောင်သေးတစ်ခု ပါရှိသည်။ ဦးခေါင်းပိုင်းငယ်၍ နှာတံအနည်းငယ်ချွန်သည်။ ဦးခေါင်းဘေးတစ်ချက်တွင် မျက်ခွံမပါသော မျက်လုံးတစ်ခုစီပါရှိသည်။

ငါးဖယ်၏တစ်ကိုယ်လုံးကို ပါးလွှာသောစက်ဝိုင်းပတ်ပုံ အကြေးခွံငယ်များ တစ်ခုအပေါ်တစ်ခု ထပ်လျက် တည်ရှိသည်။ ငါးဖယ်၏ အရောင်မှာ ကျောပိုင်းတွင်အနည်းငယ် မည်းနက်ပြီး ဝမ်းဘက်ဖြူသည်။ အများအားဖြင့် ငွေမင်ရောင်ပြောင်လက်သော်လည်း ပတ်ဝန်းကျင်ကိုလိုက်၍ မည်းညစ်နေသော ငါးဖယ်မျိုးလည်းရှိသည်။

အစုံစားငါး

ငါးဖယ်တို့၏အစာမှာ ပုစွန်၊ ကဏန်းငယ်၊ အင်းဆက်ပိုးငယ်များနှင့် ငါးငယ်များကို အဓိကစားကြသည်။ အပင်များကို စားရာတွင် ရေနေအပင်၏ အမြစ်များနှင့်အရွက်များကိုလည်း စားသုံးသည်။ အပင်နှင့် သတ္တဝါနှစ်မျိုးစလုံးစားသဖြင့် အစုံစားငါး (Omnivorous)မျိုးဖြစ်သည်။

ငါးဖယ်ငါးမှာ အရှေ့တောင်အာရှ နိုင်ငံများအတွက် စီးပွားရေးအရ အရေးပါသော ငါးတစ်မျိုးလည်းဖြစ်ပါသည်။ ငါးဖယ်တို့၏သက်တမ်းမှာ(၈-၁၀) နှစ်ထိရှိကြောင်း မှတ်တမ်းများက ဆိုသည်။

ပင်လယ်ပြာ(ငါးဦးစီး)

မြန်မာတို့သည် ငါးဖယ်ကို အသားခြစ်၍ ငါးဖယ်ငါးဆုပ်ဟင်း၊ ငါးဆုပ်ကြော်၊ ငါးဖယ်ရဲယိုရွက်ထုပ်၊ ငါးဖယ်အစာသွပ်၊ ငါးဖယ်လုံးဟင်းချို၊ ငါးဖယ်ရေညှိလိပ်၊ ငါးဖယ်သုပ် စသဖြင့် အမျိုးမျိုး ချက်ပြုတ်စားလေ့ရှိကြသည်။

ထိုသာမက ငါးဖယ်ရေကျိုငါးပိ၊ ငါးဖယ်ငါးပိကောင်နှင့် ငါးဖယ်အသားချဉ်တို့ကိုလည်း ပြုလုပ်လေ့ရှိကြသေးသည်။ ငါးဖယ်ငါးဆုပ်ကို မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲများတွင်လည်း နှစ်သက်စွာထည့်၍ စားသုံးကြပါသေးသည်။

ငါးဖယ်ကို ဟင်းမချက်မီ ပြင်ဆင်ရာတွင် အကြေးသင်ပြီး အကောင်လိုက် ဓားအနှောင့်နှင့် ခပ်နာနာထုရသည်။ ဓားပြားနှင့်လည်း ရိုက်ပေးရသည်။ ငါးဖယ်တေသည်ဟု ခေါ်သည်။ ငါးအသားများ မာ၍တင်းလာစေရန်ဖြစ်သည်။ “ထုလေ၊ မာလေ၊ ငါးဖယ်တေ” ဟူ၍ ပြောစမှတ်ပြုကြသည်။ ငါးဖယ်က နေရာမရွေး ရေထဲတွင် တိုးဝှေ့သွားလာနိုင်သဖြင့် “ငါးဖယ်တိုး တိုးသည်”ဟူ၍လည်း ပမာပြုလေ့ရှိကြသည်။

ငါးဖယ်တွင် ပရိုတင်းဓာတ် အများဆုံးပါဝင်၍ ကယ်လ်စီယမ်(ထုံး)၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝလျက်ရှိသည်။ မြန်မာ့ဆေးကျမ်းအလိုအရ ငါးဖယ်သည်ချိုဆိမ့်၏။ ကြေခဲ၏။ ဆူ၏။ သုက်ကိုပွားစေတတ်၏။ အားကိုဖြစ်စေတတ်၏။ ဟု ငါးဖယ်၏ အကျိုးသွားကို ပြဆိုထားပါသည်။

ယခုအခါ ရေလုပ်သားများမှာ ငါးဖမ်းဆီးရာတွင် ဘက်ထရီရှော့ခ်တိုက်ဖမ်းဆီးခြင်း၊ အဆိပ်ချ၊ ဆေးချငါးဖမ်းခြင်း၊ တားမြစ်ရာသီချိန်ခါတွင် ငါးဖမ်းဆီးခြင်းစသည့် တရားမဝင်နည်းများ အပါအဝင် ငါးအလွန်အကျွံ ဖမ်းဆီးမှုများရှိလာရာ မြန်မာနှင့် ကမ္ဘာမှာပါ ငါးသယံဇာတများ လျော့ပါးလာလျက်ရှိရာ ငါးဖယ်အပါအဝင် ငါးမျိုးမသုဉ်းစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရောင်းဝယ်သူများများနှင့် စားသုံးသူများအားလုံးတွင် တာဝန်ရှိနေပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

တီလားပီးယားငါးများ ပြည်တွင်းဖြန့်ချီတင်ပို့မှု ပြန်လည်ကောင်းမွန်လာ

ကမ္ဘာကျော် ဧရာဝတီမြစ်အတွင်းမှ စီးဆင်းဝင်ရောက်လျက်ရှိသော အင်းများမှာ ရေလျော့နည်းလာရာ ဟန်ချက်ညီထိန်းချုပ် လှေလိုလှော်ခတ်ကာ ရေလုပ်သားများ၊ အင်းလုပ်သားများ ငါးဖမ်းဆီး ရှာဖွေဖမ်းယူခြင်းကြောင်း တီလားပီးယားငါးများ ကသာမြို့ပေါ်အဝင်စိတ်လာ၍ ပြည်တွင်းဖြန့်ချီတင်ပို့မှု ကောင်းလာလျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်တွင် အင်းများပြားစွာတည်ရှိသော်လည်း ငါးရှားပါးလာခြင်းနှင့်အတူ ငါးမျိုးစိတ်တွေလည်း မျိုးသုဉ်းလုနီးပါးဖြစ်လာရာ ယခုနှစ် ဒီဇင်ဘာလမှစလို့ ငါးလူး၊ ငါးခုံမ၊ ငါးရံ့၊ငါးခူး၊ ငါးဖယ်၊ ငါးဘတ်ရရှိခြင်း နည်းပါးလာပြီး အင်းရေလျော့နည်းလာချိန် တီယားပီးယားငါးအများစုသာ တွေ့မြင်လာရကြောင့်”ဟု ငါးပွဲရုံမှ ပြောသည်။

ဒေသငါးမျိုးစိတ်တွေ လျော့နည်းပျောက်ကွယ်လာ

လွန်ခဲ့သော နှစ် ၃၀ ကျော်လောက်က ငါးတွေ အလွန်ပေါများခြင်းကြောင့် တော်သလင်းငါး ကျီးမစား တန်ဆောင်မုန်းငါး ခွေးမစားဟု ဆိုရိုးစကားရှိခဲ့သည်။ စားသုံးသူအကြိုက်ဖြစ်သည့် ငါးကြင်း၊ ငါးသိုင်း၊ ငါးများဆိုလျှင် ကြေးခွံအနီရောင်၊ ရွှေဝါရောင်ရှိပြီး ကျက်စားရာဒေသပေါ် မူတည်ပြီး အရောင်ကွဲပြားမှုရှိသည်။ လျှပ်စစ်နှင့် ငါးများကို တားမြစ်ထားသည့် တရားမဝင်ငါးဖမ်းခြင်း၊ တီလားပီးယားငါးများ အဆမတန်ပေါများလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာအပါအဝင် ဓာတုပိုးသတ်ဆေးများ ဈေးကွက်စီးပွားရေးကို အခြေခံ၍ သီးနှံစိုက်ပျိုးတောင်သူများ အသုံးပြုလာခြင်းကြောင့် ဒေသတိုင်းရင်းငါးမျိုးစိတ်များ တဖြည်းဖြည်းလျော့နည်းပျောက်ကွယ်လာကြောင်း ပြောသည်။

ယခု ၂၀၂၃ နှစ်ဆိုလျှင် ကမ္ဘာကျော် ဧရာဝတီမြစ်ကြီးမှာ ရွှေတူးဖော်ခြင်း၊ သဲထုတ်ယူခြင်း၊ သဲနုန်းမြေပို့ချမှု များလာခြင်းကြောင့် မြစ်ကျိုးပြတ်အင်းများဖြစ်ပေါ်မှု မြစ်ဝှမ်းတစ်လျှောက် တွေ့မြင်လာရသလို ငါးအင်းအများစု ငါးမျိုးစိတ်များ ပြန့်ပွားရာ ငါးနေထိုင်မှုဂေဟစနစ်တွေ ပျက်စီးလာသဖြင့် ဘက်ပေါင်းစုံ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပြီး ဧရာဝတီမြစ်ကို ထိန်းသိမ်းကြဖို့ လိုအပ်မည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေးလိုပါသည်။

ငွေအိုး(ကသာ)

မီဒီယာများမှ စွပ်စွဲဖော်ပြမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



မေး။ ။ ယခုရက်ပိုင်းမီဒီယာအချို့မှာ ပင်လောင်းမြို့နယ် နမ့်နိမ်ရွာ ဘုန်းကြီးကျောင်းမှာ သံဃာသုံးပါးနဲ့ ပြည်သူတွေကို ကယား PDF လို့ စွပ်စွဲပြီး တပ်က အစုလိုက် အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့တယ်လို့ ဖော်ပြထားတာ တွေ့နေရပါတယ်။ အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကို သိချင်ပါတယ်ရှင်။

ဖြေ။ ။ ပင်လောင်းဒေသဆိုတာက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလည်းဖြစ်တယ်။ တည်ငြိမ်အေးချမ်းမှုရှိတဲ့ ဒေသလည်းဖြစ်ပါတယ်။ ယခင်ကတည်းက တပ်မတော်အနေနဲ့ရော အစိုးရအနေနဲ့ပါ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေတာရှိပါတယ်။ အဲဒီဒေသနဲ့နီးစပ်နေတဲ့ ကယားပြည်နယ်မှာ တိုက်ပွဲတွေဖြစ်တယ်။ မငြိမ်မသက်ဖြစ်နေတယ်ဆိုပေမယ့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရှိနေတာ အမှန်ပါပဲ။ ဒါကတော့ ပအိုဝ်းဒေသမှာ နယ်မြေခံပြည်သူ့စစ်တွေ၊ PNLO အဖွဲ့အစည်းတွေ၊ တပ်မတော်သားတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်တယ်။ မတ်လဆန်းလောက်မှာ တောင်ဘက်မှာရှိတဲ့ KNPF/ KNPP/ PDF အကြမ်းဖက်အဖွဲ့တွေက ပအိုဝ်းဒေသကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်လာတာ တွေ့ရတယ်။ မတ်လ ၁၁ ရက်နေ့က ပင်လောင်းမြို့နယ် နမ့်နိမ်ရွာမှာ KNPF/ KNPP အကြမ်းဖက်အဖွဲ့တွေ ဝင်ရောက်လာပြီး ရွာကိုခြိမ်းခြောက်လာတယ်။ နယ်မြေဒေသကို ခြိမ်းခြောက်တာတွေ ရှိလာတယ်။ ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့လည်း ဒေသခံပြည်သူ့စစ်တွေနဲ့ ပူးပေါင်းပြီး နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ပြီးဖြစ်တယ်။ မတ်လ ၁၁ ရက်နေ့ ၉ နာရီမှာ အဲဒီရွာနားရောက်တဲ့အခါမှာ KNPF/ KNPP/ PDF အကြမ်းဖက်အဖွဲ့တွေက တပ်မတော်စစ်ကြောင်းတွေ၊ နယ်မြေခံဒေသခံပြည်သူ့စစ်တွေကို စတင်တိုက်ခိုက်ခဲ့တယ်။ ချောင်းမြောင်းပစ်ခတ်ခဲ့ပြီးတော့ တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ပြီးတော့ အဲဒီအဖွဲ့တွေက တည်ငြိမ်အေးချမ်းနေတဲ့ နမ့်နိမ်ရွာထဲကိုဝင်တယ်။ ဝင်ပြီးတော့ ပစ်ခတ်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ ဒီအဖွဲ့တွေကို တိုက်ခိုက်ခဲ့ရတာရှိတယ်။ အလောင်းနဲ့ လက်နက်တချို့ ရရှိခဲ့တယ်။ ညနေ ၃ နာရီ နောက်ပိုင်းမှာ ထပ်မံတိုက်ပွဲ ဖြစ်ပွားခဲ့တယ်။ ဖြစ်စဉ်တစ်ခုလုံးကို ပြောရမယ်ဆိုရင်တော့ ပအိုဝ်းဒေသရဲ့ ငြိမ်းချမ်းနေမှု၊ ဖွံ့ဖြိုးတိုးတက်နေမှုကို ဖျက်ဆီးဖို့ရည်ရွယ်ချက်နဲ့ လာရောက်ဆောင်ရွက်နေတာဖြစ်တယ်။ တည်ငြိမ်နေတဲ့ ပအိုဝ်းဒေသခံတွေ၊ ပအိုဝ်းပြည်သူ့စစ်တွေ၊ ဒေသခံလုံခြုံရေး အဖွဲ့တွေနဲ့ တပ်မတော်ကြားမှာ ထင်ယောင်ထင်မှားဖြစ်စေဖို့ လုပ်ဆောင်တာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့က KNPF/ KNPP/ PDF အဖွဲ့တွေနဲ့ တိုက်ခိုက်ခဲ့တာ ဖြစ်တယ်။ ဒီနေရာမှာ ရွာသူ/ ရွာသားတွေ သေတယ်ဆိုပြီး သတင်းမှားလွှင့်နေတာ ရှိတယ်။ KNPF/ KNPP/ PDF အကြမ်းဖက်အဖွဲ့တွေဝင်သွားပြီး အကြမ်းဖက်ပစ်ခတ်တဲ့အချိန်မှာ ရွာသူ/ ရွာသားတချို့လည်း သေဆုံးတယ်။ ထိခိုက်ဒဏ်ရာရတာ တွေ့ရတယ်။ ထွက်ပြေးရတာမျိုးလည်းရှိတယ်။ ကျွန်တော်ဆိုလိုတာက ပအိုဝ်းဒေသသည် အစဉ်အဆက် ငြိမ်းချမ်းလာတဲ့ဒေသဖြစ်တဲ့အတွက် တောင်ဘက်မှာရှိတဲ့ KNPF/ KNPP အဖွဲ့တွေအနေနဲ့ ပအိုဝ်းဒေသကို တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးဖို့၊ အစိုးရ၊ တပ်မတော်နဲ့ ဒေသခံပအိုဝ်းပြည်သူလူထုအကြားမှာ ထင်ယောင်ထင်မှားဖြစ်စေဖို့အတွက် ဒီသတင်းတွေကို ထုတ်လွှင့်နေခြင်းဖြစ်တယ်။ ပြစ်မှုကျူးလွန်ခဲ့သူတွေ၊ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့သူတွေဟာ ဒီလူတွေပဲဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့တပ်မတော်အနေနဲ့ကတော့ ပအိုဝ်းဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ပအိုဝ်းပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်အောင်လုပ်ခဲ့တဲ့ KNPF/ KNPP/ PDF အဖွဲ့တွေကို ထပ်မံပြီးတော့ လုံခြုံရေးအရ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေကို ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

PDF အမည်ခံအကြမ်းဖက်သမားများက ပုလဲမြို့ရှိ မြို့နယ်သစ်တောဦးစီးမှူးရုံးအား မီးပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်

နေပြည်တော် မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ရှိ မြို့နယ်သစ်တောဦးစီးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်ရာ ဝန်ထမ်းအိမ်ရာ အဆောက်အဦ မီးလောင်ပျက်စီးသွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့ရှိ မြို့နယ် သစ်တောဦးစီးမှူးရုံးအား ယနေ့နံနက် ၈ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါမြို့၏ အနောက်ဘက်ရှိ မြကုန်းကျေးရွာမှ ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာပြီး ရုံးဝင်းအတွင်းသို့ မီးပုလင်းလေးလုံးဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် ယာယီပိတ်ထားပြီး လူနေထိုင်ခြင်းမရှိသည့် ဝန်ထမ်းအိမ်ရာ အဆောက်အဦအဟောင်းများ (ကာလတန်ဖိုး ငွေကျပ် ၈၅ သိန်းခန့်) မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရပိုင် အဆောက်အဦများအား အကြောင်းမဲ့ အဖျက်အမှောင့် လုပ်ငန်းများလုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပုလဲမြို့နယ် မြို့နယ်သစ်တောဦးစီးမှူးရုံး အဆောက်အဦအဟောင်းအား PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်မှု ဖြစ်စဉ်ပြပုံ။

မုံရွာမြို့နယ် အောင်သာကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ ယာယီအခြေပြုနေရာတစ်ခုအား သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အောင်သာကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခိုအောင်းနေထိုင်၍ လူသစ် စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် တာဝန်သိ ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ သတင်းပေးပို့လာခဲ့သည်။



မုံရွာမြို့နယ် အောင်သာကျေးရွာအနီးခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီအခြေပြုနေရာတစ်ခုအား သိမ်းပိုက်ရရှိသည့် ဖြစ်စဉ်ပြပုံ။

အဆိုပါ သတင်းပေးပို့ချက်အရ အောင်သာကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် သတင်းဖော်ထုတ်ခြင်းနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီခွဲခန့်တွင် ၎င်းကျေးရွာအနီး ယာယီအခြေပြု၍ ခိုအောင်းနေထိုင်လျက်ရှိသည့် အခြေပြုနေရာတစ်ခုအား သိမ်းပိုက်ရရှိခဲ့ပြီး လူနေတဲကိုးလုံးနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အသုံးပြုသည့် မြေအောက်အချုပ်ခန်းတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါနယ်မြေအတွင်း ဒေသခံပြည်သူများ၏ လုံခြုံရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့အတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မုံရွာမြို့နယ် အောင်သာကျေးရွာအနီး ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီအခြေပြုနေရာတစ်ခုအား သိမ်းပိုက်ရရှိသည့် ဖြစ်စဉ်ပြပုံ။

သိမ်းဆည်းရရှိသည့် လူနေတဲများနှင့် မြေအောက်အချုပ်ခန်း၏ မှတ်တမ်းဓာတ်ပုံ။

အကျိုးစီးပွား ပဋိပက္ခနှင့် အဂတိလိုက်စားမှု

• • • • • • • • လင်းလက်နေခြည် • • • • • • • •

အကျိုးစီးပွားပဋိပက္ခဆိုင်ရာ ဖော်ညွှန်းချက်

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International–TI) က “အစိုးရယန္တရား၊ စီးပွားရေးလုပ်ငန်းများ၊ သတင်းမီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် လုပ်ငန်းတာဝန်အရ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် ကိုယ်ကျိုးစီးပွားတို့အကြား ရွေးချယ်ရန် ဒွိဟဖြစ်စေသည့် အခြေအနေတွင် အကျိုးစီးပွားများပဋိပက္ခဖြစ်ပေါ်သည်” ဟု ဖော်ပြထားသည်။ အောက်စ်ဖို့ဒ် အဘိဓာန်ကမူ “ရာထူးတာဝန်အရပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို အသုံးပြုကာ ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းတို့တွင် “ကိုယ်ကျိုးစီးပွား” ကို ဦးတည်သော ပြုမူဆောင်ရွက်မှုများသည် အကျိုးစီးပွားပဋိပက္ခအခြေအနေပင်ဖြစ်သည်” ဟု ဖွင့်ဆိုထားသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိအား ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်တို့ကို အများပြည်သူအကျိုးစီးပွားအတွက် ဦးတည်ဆောင်ရွက်ရမည့်အစား ရင်းနှီးသည့် မိတ်ဆွေများနှင့် ဆွေမျိုးများအတွက် မျက်နှာသာပေး ဆောင်ရွက်ခြင်းနှင့် အဖွဲ့အစည်းနှင့် အများပြည်သူအကျိုးထက် မိမိအကျိုးစီးပွားတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းတို့သည် အကျိုးစီးပွား ပဋိပက္ခများကို ဦးတည်သည့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေသည်။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် အကျိုးစီးပွားပဋိပက္ခထိန်းချုပ်နိုင်မှု

မြန်မာနိုင်ငံတွင်လည်း အကျိုးစီးပွားပဋိပက္ခဖြစ်မှုများနှင့် အဂတိလိုက်စားမှုများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အကျိုးစီးပွားပဋိပက္ခနှင့် အဂတိလိုက်စားမှုများကို ကျူးလွန်ခြင်းမရှိစေရန် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်တို့တွင် အကျိုးစီးပွားပဋိပက္ခဖြစ်မှုများကို ထိန်းချုပ်နိုင်ရေး ရည်ရွယ်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားသည်။ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၁၀ (ည) တွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် “တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရန်” နှင့် ပုဒ်မ ၁၀ (ဋ) တွင် “လာဘ်ပေးလာဘ်ယူပြုခြင်းမှ ရှောင်ကြဉ်ရန်” တားမြစ်ထားပြီး ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၁၀ (ဂ) တွင်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် “နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အထူးအလေးထားဆောင်ရွက်ရန်” သတ်မှတ်ပြဋ္ဌာန်းထားသည်။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် ပုဒ်မ ၇ (ဥ) တွင်လည်း ဝန်ထမ်းများအနေဖြင့် “လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း” တို့ကို မပြုလုပ်ရန် တားမြစ်ထားပြီး ပုဒ်မ ၇ (ဉ) တွင် “တာဝန်အရ ဆောင်ရွက်ရန်ရှိသည့် အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း” တို့ကို မပြုလုပ်ရန် တားမြစ်ထားသည်။ ထိုကဲ့သို့သော လုပ်ဆောင်မှုများသည် တာဝန်အရအပ်နှင်းထားသည့် အများပြည်သူအကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းဖြင့် အကျိုးစီးပွားပဋိပက္ခ အခြေအနေများနှင့် အဂတိလိုက်စားမှုများကို မဖြစ်ပေါ်စေရန် တားမြစ်ချက်များ ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ အခန်း (၆)၊ ပုဒ်မ ၁၁ (စ) တွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် “ရာထူး၊ ဌာန၊ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ ရောထွေးမှုမရှိစေရေး စောင့်ထိန်းရမည်” ဟု ပြဋ္ဌာန်းထားသည်။

> “ အချို့သောနိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို ရောထွေးဆောင်ရွက်ကြခြင်းဖြင့် အဂတိလိုက်စားမှုများကို သတိမမူဘဲ ကျူးလွန်နေတတ်ကြသဖြင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုကာ အကျိုးစီးပွားပဋိပက္ခကို ဖြစ်ပေါ်စေသော ပြုမူဆောင်ရွက်မှုများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တို့အရ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရလည်းကောင်း အရေးယူခံရနိုင်သဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် အများအကျိုးနှင့် ကိုယ်ကျိုးစီးပွားကို ရောထွေးဆောင်ရွက်ကြခြင်းကို သတိပြုဆင်ခြင်သင့် ”

ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်နယ်ပယ်ရှိ လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့နှင့် အကျိုးစီးပွားဆက်နွှယ်သည့် သူများအမည်ဖြင့် စီးပွားရေးလုပ်ငန်းအသွင် လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ၎င်းတို့နှင့် အကျိုးစီးပွားဆက်နွှယ်သည့် ပုဂ္ဂိုလ်များက အဆိုပါလုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်၍ လွယ်လင့်တကူ ကျူးလွန်ဆောင်ရွက်ခြင်းမရှိစေရန် သတိပြုရမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူးတံတားများဖြစ်သကဲ့သို့ နိုင်ငံတော်အပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုခိုင်မာစေရေးနှင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ထွန်းလာစေရေး အဓိကအရေးကြီးသည့် နယ်ပယ် တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သင့်သည်။ သက်ဆိုင်ရာ နိုင်ငံအလိုက် ပြဋ္ဌာန်းထားသည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကဲ့သို့သော ပြစ်မှုဆိုင်ရာ ဥပဒေများတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများကို တားမြစ်ထိန်းချုပ်ထားသည့် ပုဒ်မများပါဝင်ရန်နှင့် ဥပဒေအာဏာ သက်ရောက်စေရေးတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။ အကျိုးစီးပွားပဋိပက္ခသည် နိုင်ငံ့ဝန်ထမ်းများ အဓိကပါဝင်ပတ်သက်သည့် အများပြည်သူဆိုင်ရာကဏ္ဍတွင်သာမက ပုဂ္ဂလိက ကဏ္ဍတွင်ပါ ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရသည့်အတွက် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများတွင် ကျင့်ဝတ်စည်းကမ်းများ သတ်မှတ်ရန် လိုအပ်မည် ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ကော်မရှင်ကျင့်ဝတ်

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိသည်။ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် “(က) စွပ်စွဲတိုင်တန်းသည့် အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ (ခ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးသူ (ဂ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် ဆွေမျိုးတော်စပ်သူ (ဃ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်နေသူ” တို့ကို စုံစမ်းစစ်ဆေးအဖွဲ့တွင် ပါဝင်ဖွဲ့စည်းခြင်းမပြုရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ (၂၄) တွင် ပြဋ္ဌာန်းထားသည်။ ဥပဒေအရ စုံစမ်းစစ်ဆေးမှုကို အကျိုးစီးပွားပဋိပက္ခ ပါဝင်ခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းပင် ဖြစ်သည်။

အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသည့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းသဘောသဘာဝချင်း ကွဲပြားသဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပြင် သက်ဆိုင်ရာဌာနအလိုက် ကျင့်ဝတ်များ ရေးဆွဲထုတ်ပြန်ထားနိုင်မည်ဆိုပါက အကျိုးစီးပွားပဋိပက္ခ အခြေအနေများကို ပိုမိုထိရောက်စွာ တားဆီးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ကျင့်ဝတ်တွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် “အစိုးရပိုင်မော်တော်ယာဉ်၊ အိမ်ရာ၊ ရုံးပစ္စည်းကိရိယာများနှင့် ဘဏ္ဍာငွေများကို အစိုးရလုပ်ငန်းတာဝန်နှင့် မသက်ဆိုင်သော နေရာများတွင် ပုဂ္ဂလိက အကျိုးအမြတ်ရရှိရန်အတွက် အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်” ဟု အကျိုးစီးပွားပဋိပက္ခကို ထိန်းချုပ်နိုင်မည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ဌာန၏ လုပ်ငန်းသဘောသဘာဝနှင့် ကိုက်ညီသော အကျိုးစီးပွားပဋိပက္ခကို ထိန်းချုပ်နိုင်မည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းထားသည့် ကျင့်ဝတ်များ ရေးဆွဲဆောင်ရွက်သင့်သည်။

လူအများစုအနေဖြင့် အဂတိလိုက်စားမှုဆိုသည့် အဓိပ္ပာယ်ကို နက်နက်ရှိုင်းရှိုင်း နားလည်သိရှိမှု နည်းသကဲ့သို့ တံစိုးလက်ဆောင် လက်ခံရယူခြင်းကဲ့သို့သော လာဘ်ပေးလာဘ်ယူမှု ပြုလုပ်မှသာ အဂတိလိုက်စားမှုမြောက်သည်ဆိုသည့် ယေဘုယျဆန်ဆန် နားလည်ထားကြရာ မိမိတို့ပြုမူလုပ်ဆောင်သည့် လုပ်ဆောင်မှုသည် အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်နေခြင်း ရှိ/မရှိ နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အဂတိလိုက်စားမှု မြောက်/မမြောက် ဆိုသည့် အချက်ကိုမူ သတိမမူမိကြဘဲ အဂတိလိုက်စားမှုများကို ကျူးလွန်မိမှန်းမသိ ကျူးလွန်နေတတ်ကြသည်။ ရာထူးတာဝန်အရ အပ်နှင်းထားခြင်းခံရသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ မိမိကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေ၊ အချိန်နှင့် ပစ္စည်းကိရိယာများကို အသုံးပြုကာ မိမိ၏ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်မှုများကဲ့သို့သော အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကို သတိမမူဘဲ ကျူးလွန်နေတတ်ကြသည်။

သတိပြု ဆင်ခြင်စေလို

သို့ဖြစ်ရာ အချို့သော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို ရောထွေးဆောင်ရွက်ကြခြင်းဖြင့် အဂတိလိုက်စားမှုများကို သတိမမူဘဲ ကျူးလွန်နေတတ်ကြသဖြင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုကာ အကျိုးစီးပွားပဋိပက္ခကို ဖြစ်ပေါ်စေသော ပြုမူဆောင်ရွက်မှုများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်တို့အရ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရလည်းကောင်း အရေးယူခံရနိုင်သဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် အများအကျိုးနှင့် ကိုယ်ကျိုးစီးပွားကို ရောထွေးဆောင်ရွက်ကြခြင်းကို သတိပြုဆင်ခြင်သင့်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။ ။

ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များစာရင်း

- နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊
- ကော်မရှင်ကျင့်ဝတ်၊
- Preventing and Managing Conflicts of Interest in the Public Sector, Good Practices Guide (World Bank, OECD, UNODC)
- အခြားအချက်အလက်များ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၃-၂၀၂၃ အင်္ဂါနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တာသုတ်၊ ရတနသုတ်၊ တေဇုဂံသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မြန်လည်ပြည့်ဖြိုးမြို့ပြစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတစ်နိုင်တစ်ပိုင်ထုတ်လုပ်မှုဖြင့်ပိုင်းဝန်းကူညီဆောင်ရွက်ပေး
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၂၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း
၀၉:၄၀ Sports Diary
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ Beasts of Asia (Laos)
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'ပိန်းကြာပက်၌တင်သောရေ'** (အပိုင်း-၁၈)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၇၆)
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ကလောင်စွမ်းပြည့်ဉာဏ်အလင်းတံခါးဖွင့်ကြသူများ
၁၇:၁၅ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း
၁၇:၃၅ ကျေးလက်နှင့်မြို့ပြတစ်ပြေးညီဖွံ့ဖြိုးဖို့ မြန်မာ့မီးရထားကိုစီးနင်းကြပါစို့
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၇၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း **'ကြယ်နှင့်အတူ'** (အပိုင်း-၁၃)
၂၂:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၁၈)

mitv

07:02 Evergreen Classic: Zambudipar (Shwe Yee Win)
07:09 Lucrative Myanma Rattan Industry
07:29 Grow Back For Posterity "The Dawn of Development"
07:43 San Lin Tun (Winner) Lose2Win with Andy Season 2
08:01 News
08:29 Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-6 (The Buddhist Arts) Part-B
08:54 Temple Stalls
09:01 Healthy Diet: Detox Water
09:11 Listening Pleasure, Instrumental Music (Don Min) Pa Pa Win Win
09:21 Yoga & Health
09:40 Clam Farming
10:01 News

MRTV NRC

ချင်း (လိုင်စိုး) (၀၆:၀၀ မှ ၀၇:၀၀)
သင်မယ်၊ ရေးမယ် တို့ "ချင်း" စာ (အပိုင်း-၃၅)
ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
မွန် (၀၈:၀၀ မှ ၁၀:၀၀)
ဖိတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ရှမ်းရိုးရာပိန်းပွင့်ချက်
ဝ (၁၄:၀၀ မှ ၁၆:၀၀)
ပျော်ရွှင်စရာနေ့ရက်လေးများ
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁)
ကယား (၁၈:၀၀ မှ ၂၀:၀၀)
စိတ်ဝင်စားဖို့ရာခလေ့ထူးခြားချက်များ(ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုင်းအီရိုး(ခေါ်)တေး)
ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ပျောက်ကွယ်လုနီးပါး ဂေးဘားတိုင်းရင်းသားတို့ရဲ့တင်းဝါးပလွေများ
အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ဝဲန်မြစ်ကမ်းနားကရွာသစ်ရွာကလေး
အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ ECONOMIC REVIEW (Part-24) (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများမှတ်ပုံတင်ခြင်း)
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"တွက်လစ်ဖြည့်ပါ"**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ အထွက်နှုန်းပိုတိုးဖို့ စမ်းသပ်စိုက်ပျိုးစို့
၀၇:၀၀ အောင်မြင်ဖြစ်ထွန်းသောမွန်ပြည်နယ်ကျွဲကော
၀၇:၅၀ တောင်သူ့ဘဝ သုတကဏ္ဍ
၀၈:၂၀ ပိုးစာစိုက်ပျိုးဝင်ငွေတိုး
၀၉:၂၀ မြန်မာ့ဆီအိုးထဲမှနှမ်း
၀၉:၄၅ တိရစ္ဆာန်စာပူလုံရေးအတွက် အရေးပါသောပြောင်း

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဧည့်တာဝန်ခံ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

အိပ်မက်ကောင်းကင် လူငယ်ဝတ္ထုတိုများ စာအုပ်ထွက်ရှိ

နေပြည်တော် မတ် ၁၃

စာရေးဆရာမ ဇင် (ရန်ကုန်တက္ကသိုလ်) ရေးသားသည့် အိပ်မက်ကောင်းကင် လူငယ်ဝတ္ထုတိုများစာအုပ် ထုတ်ဝေထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ပါရှိသည့် ဝတ္ထုတိုများကို မဂ္ဂဇင်း၊ စာစောင်များမှ အယ်ဒီတာချုပ်၊ အယ်ဒီတာများနှင့် အမျိုးသားစာပေဆုရှင် ဆရာဦးနေမျိုးနိုင် တို့က စိစစ်ဖတ်ရှုပေးထားသည်။



ထိုစာအုပ်၌ ဘဝတွင်ကြုံတွေ့လာရသည့် အခက်အခဲ၊ ပြဿနာများကို ရင်ဆိုင်ကျော်လွှားရင်း ဘဝအားမာန်များ ဖြစ်ထွန်းလာအောင် ကြိုးစားရန်းကန်ခဲ့ကြရသည့် လူငယ်များ၏ ပုံရိပ်များကို ဖော်ညွှန်း ရေးဖွဲ့ထားခြင်းဖြစ်ရာ လူငယ်များအနေဖြင့် အကောင်းဆုံး ဘဝများကို ပိုင်ဆိုင်ခွင့်ရရှိနိုင်စေရန် မိမိကိုယ်မိမိ ယုံကြည်မှုဖွဲ့၊ လုံ့လ၊ ဝီရိယရှိမှုနှင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် မဆုတ်မနစ်ကြိုးစားသွားကြရန် လွန်စွာအရေးကြီးကြောင်း ရေးဖွဲ့ထားသည်။ အိပ်မက်ကောင်းကင် လူငယ်ဝတ္ထုတိုများ စာအုပ်တွင် လူငယ်များ လက်တွေ့ဘဝဖြစ်ရပ်မှန်များအပေါ် အခြေခံပြီး ရေးဖွဲ့ထားခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် ဘဝရောင်စဉ်၊ ဘဝတန်ဖိုး၊ တစ်ပြေးညီ၊ မိုးပေါ်၊ အိပ်မက်ကောင်းကင်၊ ကံ၏စေရာ၊ ရင်ကွဲနာ၊ အပစ်ပယ်ခံ၊ စစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့်၊ ဆေးစက်ကျရာ၊ ဘဝသမိုင်းကို ထုဆစ်ပုံဖော်ခြင်း စသည့် ဝတ္ထုတိုပေါင်း ၁၀ ပုဒ်ဖြင့် စာမျက်နှာ ၁၂၁ မျက်နှာပါရှိသည်။

၎င်းစာအုပ်ကို ပထမအကြိမ်အဖြစ် အုပ်ရေ ၅၀၀ကို ရွှေဝက်ဝံစာပေမှ ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၃ - ၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ်	၂၂၁၈၄၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ်	၂၂၁၀၁၀၀
ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၈၈၃
ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၈၇၆

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၁၀ ကျပ်	၂၁၅၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၁၉၀ ကျပ်	၂၂၃၅ ကျပ်
အောက်တိန်း ၉၂	၂၁၀၅ ကျပ်	၂၁၅၅ ကျပ်
အောက်တိန်း ၉၅	၂၁၉၀ ကျပ်	၂၂၄၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၄၁ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၅၈ . ၃
ထိုင်း	တစ်ဘတ်	ကျပ်	၆၀ . ၆၉၄
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၇၃ . ၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၆၆ . ၉၈
တရုတ်	တစ်ယွမ်	ကျပ်	၃၀၄ . ၆၁
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၅၆၀

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၄၀၀	၈၃၀၀	၁၂၁၄	၁၀၀၉၇၇၀၀
MTSH	၃၂၀၀	၃၂၀၀	၁၄၆၂	၄၆၇၈၄၀၀
MCB	၇၇၀၀	၇၇၀၀	၁၀	၇၇၀၀၀
FPB	၁၆၅၀	၁၆၀၀	၁၇၀၀	၂၇၂၅၀၀၀
TMH	၂၅၅၀	၂၅၅၀	၅၅	၁၄၀၂၅၀
EFR	၀	၀	၀	၀
AHP	၄၉၀၀	၄၉၀၀	၁၇၈	၈၇၂၂၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

နွားထိုးကြီးမြို့အတွင်းရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

နေပြည်တော် မတ် ၁၃

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့ အမှတ် (၄) ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် အမှတ် (၁) ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့အား PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ရုံးဝန်ထမ်း အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့ အမှတ်(၄) ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးကို ယနေ့ နံနက် ၁၁ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါရုံး၏ အနောက်တောင်ဘက်မှ Drone ယာဉ် တစ်စင်းဖြင့် Drop Bomb သုံးလုံး ပစ်ချတိုက်ခိုက်ခဲ့ရာ ရုံးဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးဝန်ထမ်း အမျိုးသား တစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အလားတူ နွားထိုးကြီးမြို့ အမှတ်(၁) ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါရုံး၏ အနောက်တောင်ဘက်မှ Drone ယာဉ် တစ်စင်းဖြင့် Drop Bomb သုံးလုံး ပစ်ချတိုက်ခိုက်ခဲ့ရာ ရုံးဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးဝန်ထမ်း အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိကာ ရုံးတံခါးပေါက်မှန် ရှစ်ချပ် ကွဲအက်ပျက်စီးခဲ့သည်။

ဖြစ်စဉ်တွင် သေဆုံး/ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုသို့ဆင်ခြင်တုံတရားမဲ့စွာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသော PDF အမည်ခံအကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နွားထိုးကြီးမြို့ လျှပ်စစ်မန်နေဂျာရုံးရှေ့ အုတ်တံတိုင်းအနီး PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြု၍ ပစ်ချတိုက်ခိုက်သည့် Drop Bomb သုံးလုံး ပေါက်ကွဲမှု ဖြစ်စဉ်ပြ မှတ်တမ်းဓာတ်ပုံ။

နွားထိုးကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြု၍ ပစ်ချတိုက်ခိုက်သည့် Drop Bomb သုံးလုံး ပေါက်ကွဲမှု ဖြစ်စဉ်ပြမှတ်တမ်းဓာတ်ပုံ။

ရုံးတံခါးပေါက်မှန်များ ကွဲအက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများကို ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဆန်းဆင့်အောင် (ခ) ပိုင်သူထက်အောင်သည် ၎င်းအသုံးပြုသည့် “Pain Thu” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မြောက်ပိုင်းရပ်ကွက်နေ မေဇွန် (ခ) ခင်ဝင်းရီသည် ၎င်းအသုံးပြုသည့် “May Zon” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ချောင်းပါးကျေးရွာနေ ဝါဝါအောင်သည် ၎င်းအသုံးပြုသည့် “War War Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နောင်ချိုမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၃

နောင်ချိုမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုး ကားလမ်း၌ ကွတ်ခိုင်ဘက်မှ မန္တလေးဘက်သို့ ခိုင်ထူးမောင်းနှင်သော WISH မော်တော်ယာဉ်နှင့် ကောင်းစံ (ခ) ကောင်းကောင်းမောင်းနှင်သော Crown မော်တော်ယာဉ်တို့အား သတင်းအရ ရှာဖွေရာ ယာဉ်နှစ်စီး၏ ခေါင်မိုးပေါ်ရှိ အခင်းဖော့ပြားများအတွင်း သိုဝှက် သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်း ကွင်းဆက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင်စစ်ဆေးရေးဂိတ်၌ စိုးနိုင် မောင်းနှင်သည့် IPSUM မော်တော်ယာဉ်၏ ခေါင်မိုးပေါ်ရှိ အခင်းဖော့ပြားများအတွင်းမှ အလားတူ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ထပ်မံဖမ်းဆီးရမိသဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်ဇင်ဝိုင်း (ခ) ကျော်ကျော်နှင့်ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ကွတ်ခိုင်မြို့ နမ့်ခမ်း-မန်း ကားဂိတ်မှူး မောင်စီချို (ခ) မော်စီ တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေရန် ရည်ရွယ်၍ နည်းလမ်းမျိုးစုံ အသုံးပြုပြီး ကျူးလွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ခိုင်ထူး၊ ကောင်းစံ (ခ) ကောင်းကောင်း၊ စိုးနိုင်၊ ကျော်ဇင်ဝိုင်း (ခ) ကျော်ကျော်နှင့် မောင်စီချို (ခ) မော်စီ တို့ကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ်(၂၁) မိုင်အနီးတွင် လမ်းဘေး၌စုပုံထားသော အကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ် အေးခဲပင်လယ်စာ အကင်ချောင်းနှင့် အသားချောင်းများ ၄၉၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေး - လားရှိုးကားလမ်း၊ မိုင်တိုင်အမှတ်(၅၂)မိုင် နှစ်ဖာလုံ အနီးတွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အားကစားပစ္စည်းများ၊ PVC Pipe များ၊ အလှကုန်ပစ္စည်းများ၊ Mini Speaker ၁၀၃၉ လုံး၊ Belt Assorted အခု ၁၀၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၈၂၅၈၃)နှင့် အဆိုပါ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် Tractor Head သုံးစီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၂၈၂၅၈၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Shower Cream ဖာ ၆၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အနောက်ပိုင်းခရိုင်လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လသာမြို့နယ် ဗိုလ်ချုပ်လမ်းမ၊ အ.ထ.က (၁)ကျောင်းရှေ့၌ လိုင်စင်မဲ့ Toyota Vellfire အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အာရှလမ်းမကြီး အောင်မြေရွှေဘိုထိပ်၊ အမှတ် (၄) ရပ်ကွက်ရှိ ဆိုင်ခန်းသုံးဆိုင်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တီဗွီ (အဟောင်း) ၁၅ လုံးနှင့် ရေခဲသေတ္တာ (အဟောင်း) ၁၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀)ကို လည်းကောင်း၊ မတ် ၁၂ ရက်တွင် သံလွင်တံတား (ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် SPY (Wine Cooler) (Black) ဖာ ၅၀၊ Singha Beer ဖာ ၁၀၀၊ Leo Beer ဖာ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနအသီးသီးဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၁၉ ဒသမ ၈၀၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၅၆၁၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၆၃၈၂၀၁) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မံစီ၊ မူဆယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် မံစီမြို့နယ် မန်မကောက်ကျေးရွာ အနီး မံစီ - ရွှေကူသွားကားလမ်းတွင် ကျော်စိုးဝင်း မောင်းနှင်ပြီး မာတန်နှင့် မလှလှညွန့်တို့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၉၂၁၂ ပြားကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် လက်ဝါးကပ်တိုင် လမ်းတွင် စိုင်းကျော်အောင် (ခ) ကွမ်းမောဝ် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီတွင် ၎င်းနေထိုင်သည့် မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက် ချယ်ရီလမ်းရှိ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့က မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ကြက်ခြေနီရုံးလမ်းရှိ နေမင်းသူရ (ခ) ဖိုးလပြည့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်း ဆေးဝါးဖြစ်သည့် ကက်တမင်း သုည ဒသမ ၃ ကီလိုကိုလည်းကောင်း။

မတ် ၈ ရက် နံနက် ၅ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ပါစမ်ကျေးရွာအနီးရှိ ကျိုင်းတုံ-မိုင်းခတ်သွားလမ်းတွင် ကျအီ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၄၀ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ကျအီ အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခ အကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၃

ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မျိုးသက်ပိုင် (ခ) သက်ပိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဇော်လင်းထွဋ်တို့က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်း၊ ဟံသာဝတီဘုန်းကြီးကျောင်းနေ မောင်---၊ ၁၇/၇နှစ်အား ဖျာပုံမြို့ရှိ ငါးဖမ်းစက်လှေတွင် တစ်ရက်စားစရိတ်ငြိမ်း ၇၀၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ ရေလုပ်ငန်းသို့ ပို့ဆောင်ကာ လုပ်အားခအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ) ၄၂/ ၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၉ ရက်တွင် တရားခံ မျိုးသက်ပိုင် (ခ) သက်ပိုင်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ အရလည်းကောင်း၊ တရားခံ ဇော်လင်းထွဋ် ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅/၃၂ အရလည်းကောင်း အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ စကိတ်စီး အားကစားအသင်းမှ နည်းပြချုပ် ဦးသက်ခိုင်ဦး၊ အားကစားသမားများ ဖြစ်ကြသော မောင်ဇွဲပြည့်ထွန်း၊ မောင်ထူးလင်းမြတ်နှင့် မပြည့်ပြည့်ဖြိုး(ခ)မွှေးမွှေးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတွင်အာဆီယံနိုင်ငံများအပြင် အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

အာကာစိုး

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

❖ *ကျောဖုံးမှ*

ပထမအဆင့် ခြေစစ်ပွဲမှ တက်ရောက်လာသည့် ရှစ်သင်းအား လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်မှုရနှစ်သင်းစီမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၁၁ ရက်အတွင်း ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပထမအဆင့် ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရပ်တည်မှုရ ရှစ်သင်းသာ ဒုတိယအဆင့် ခြေစစ်ပွဲ တက်ရောက်ခွင့်ရရှိခြင်းဖြစ်သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု (A) ၌ တရုတ်အသင်း၊ အုပ်စု (B)၌ နီပေါအသင်း၊ အုပ်စု (C) ၌ ဩစတြေးလျအသင်း၊ အုပ်စု (D) ၌ လက်ဘနွန်အသင်း၊ အုပ်စု (E) ၌ တရုတ်(တိုင်ပေ) အသင်း၊ အုပ်စု (F) ၌ ဗီယက်နမ်အသင်း၊အုပ်စု (G)၌ မြန်မာအသင်း၊ အုပ်စု (H) ၌ အီရန်အသင်း တို့ အုပ်စုပထမရကာ နောက်တစ်ဆင့် တက်ရောက်ခဲ့ပြီး အာဆီယံ ထိပ်သီးထိုင်းအသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စု (G) တွင် ပါဝင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး - ဂိုးမရှိ၊ မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမရပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်လာခြင်းဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

❒ *ကျောဖုံးမှ*

နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်မှုနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးထားသည့် နယူးကာဆယ်အသင်းသည် ယခုပွဲစဉ်တွင် ဝုဖ်အသင်းကို အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး လူစားဝင်ကစားသမား အယ်မီရွန်၏ နောက်ကျသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၂၆ မိနစ်တွင် ထရစ်ပီယာ၏ ဖန်တီးမှုကို အီဆတ် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် နယူးကာဆယ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက်တွင် ဝုဖ်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် မိနစ် ၇၀ တွင် ဟွမ်ဟီချန်းက သွင်းယူပေးနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ရရှိခဲ့ရာ လူစားဝင်ကစားသမား အယ်မီရွန်က သွင်းယူပေးခဲ့သည်။

ယခုပွဲ အနိုင်ရရှိမှုကြောင့် နယူးကာဆယ်အသင်းက ၂၅ ပွဲကစားပြီး ရမှတ် ၄၄ မှတ်ဖြင့် အဆင့် (၅) တွင် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ဘက်ဝုဖ်အသင်းက ယခုရှုံးနိမ့်မှုကြောင့် ၂၇ ပွဲကစားပြီး ရမှတ် ၂၇ မှတ်ဖြင့် အဆင့် (၁၃) တွင် ရပ်တည်နိုင်ခဲ့သည်။

အောင်ဇော်

ကျောက်တော်မြို့နယ်ဘဏ်ခွဲမှ JICA(TSL) ချေးငွေကျပ် ၃၂၁၆ သိန်းဖြင့် ထွန်စက်ကြီး ခြောက်စီး ပေးအပ်ပွဲကျင်းပ

စစ်တွေ မတ် ၁၃

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျောက်တော်မြို့နယ် ဘဏ်ခွဲမှ G.B.S ကုမ္ပဏီတို့ ပူးပေါင်း၍ JICA(TSL) ချေးငွေကျပ် ၃၂၁၆ သိန်းဖြင့် ကူဘိုတာထွန်စက်ကြီး ခြောက်စီးအား တောင်သူ ခြောက်ဦးသို့ ပေးအပ်ပွဲကို မတ် ၁၂ ရက်က ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာရှိ G.B.S Co.,Ltd Show Room ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်ဘဏ်ခွဲမန်နေဂျာ ဦးဘကျော်တင်က အမှာစကား ပြောကြားပြီး ကျောက်တော်မြို့နယ်မန်နေဂျာ ဦးသိန်းဇော်က JICA(TSL) ချေးငွေစည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်တော်မြို့နယ် မန်နေဂျာက တောင်သူများအား ကူဘိုတာ ထွန်စက်နှင့် ပတ်သက်သည့် အချက်အလက်များကို ပေးအပ်ကာ ပြည်နယ်ဘဏ်ခွဲမန်နေဂျာနှင့် တောင်သူများက ထွန်စက်များကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ကျောက်တော်မြို့နယ်တွင် ယခင်က JICA(TSL) ချေးငွေကျပ် ၄၉၉၄ သိန်းကို ထွန်စက်တစ်စီးလျှင် ၄၅၄ သိန်းဖြင့် တောင်သူ ၁၁ ဦးကို ထုတ်ချေးပေးထားခဲ့ကြောင်းသိရသည်။ ကျောက်တော်မြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂-၂၀၂၃ မိုးချေးငွေအဖြစ် ကျေးရွာအုပ်စု ၂၇ စုမှ တောင်သူ ၁၁၁၆ ဦးအား လယ်ဧက ၆၂၁၃ ဧကအတွက် ငွေကျပ် ၉၃၁၉ ဒသမ ၅၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

တာမိုးညဲချမ်းသာသစ် အခြေခံစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ အလုပ်သမားများကို လုပ်အားခပေးချေပြီး ပိုလျှံငွေများအား အလုပ်ရှင်သို့ ပြန်လည်ပေးအပ်ခြင်းကို မတ် ၁၀ ရက်က ချမ်းမြသာစည်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အမှာစကား ပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6469 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ အနောက်ပိုင်းခရိုင်ရုံး(မြင်သာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/84314, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက္က ၁၄/ဘကလ(နိုင်) ၃၆၅၇၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/7973, Toyota Mark II JZX 110, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းသိန်း ၁၁/စတန(နိုင်)၀၆၉၅၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၃)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက် မြေကွက်အမှတ် ပ-၃၃၂၆၈ အစား ပ-၃၃၅၆၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသီဟစိုး ကိုင်ဆောင်သော စမဒ-၂/၂၀၁၆ စက်ခန်းအုပ် လက်မှတ်နှင့် လုပ်သက်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၂၈၇၆၄၉၊ ၀၉-၂၅၄၃၂၃၁၂၃

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၁၆)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးကြည်ဝင်းအမည်ပေါက် မြေချပါမစ်နှင့်တကွ အဆက်အစပ် စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းဝင်း ၁၂/ကမတ(နိုင်) ၀၆၁၁၃၁မှ ၎င်းပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီးနောက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သီဟ ၅/ရဥန(နိုင်) ၀၇၆၉၇၁
အမှတ်(၁၄)၊ အပိုင်း(၅)၊ မဟာမြိုင်(၁)၊ မန္တလေးမြို့
ဖုန်း-၀၉-၉၇၅၃၅၄၂၅၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6984, ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဝင်း ၉/မရမ(နိုင်)၀၀၅၈၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/57207 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးသိမ့် ၇/ဖမန(နိုင်)၁၇၉၈၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်ဇော်လင်း ၁၁/မဥန(နိုင်) ၁၁၂၆၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၀၆၆၀၈၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6439 Mazda Scrum P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၁၂/လမန(နိုင်) ၁၃၃၆၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်မှန်

ကျောက်တော်မြို့နယ်၊ တောင်မင်းကုလားကျေးရွာအုပ်စု၊ သံချောင်းကျေးရွာနေ ဦးကျော်စိန်မောင် ၁၁/ကတန(နိုင်) ၀၁၇၄၄၂ ၏သား ကျော်ဖြိုး၏ အမည်မှန်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် လက်မှတ်အရ ထူးကျော်ဖြိုး ဖြစ်ပါကြောင်း။

ထူးကျော်ဖြိုး

အလိမ္မာ စာမှာရှိ

ငြိမ်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
လားရှိုးမြို့နယ်တရားရုံးတော်၌
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉

ဦးအောင်ဇင် နှင့် ဒေါ်ခင်ခင်ဝင်း
တရားလို **တရားပြိုင်**

ရမ်းဖြဲမြို့၊ ပြိန်းချောင်းကျေးရွာ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဒေါ်ခင်ခင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ဇင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ မတ်လ ၃၀ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြိမ်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပေးပို့ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မတ်လ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန်းခမ်းဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
လားရှိုးမြို့နယ်တရားရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3283 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6154 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ဆန်းဝင်း ၈/မသန(နိုင်) ၁၂၆၅၈၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၀၂၆၆၅

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကောင်းခန့်ဟိန်း ၈/ပခက(နိုင်) ၂၈၉၂၈၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၀၁၅၀၂၈၇

ပြင်ဆင်ဖတ်ရှုပါရန်

၉-၃-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၃)ပါ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁၀)တွင် ဖော်ပြထားသော ဒုခရိုင်တရားသူကြီး(၃) အစား ဒုတိယခရိုင် တရားသူကြီး(၃) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်မ မအိမြတ်မွန် ၁၂/ဗဟန(နိုင်)၁၀၂၁၄၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၅၁၉၀၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၄၊ မြေကွက်အမှတ်(၆၃၃/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၆၃၃/ခ)၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ ၁၆/၄ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ကျင်ပို့ ၁၂/သဃက(နိုင်) ၀၉၅၇၇၈ အမည်ပေါက်ပြီး၊ ဖခင် ဦးတင်မြင့်(ခ) ဦးလင်ကင်ထူးသည် အသက် (၈၅)နှစ်အရွယ် (၁၅-၇-၂၀၂၁) ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်ကျင်ပို့သည် အသက်(၇၀)နှစ်အရွယ် (၂၆-၆-၂၀၂၀)ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ရာ သားသမီးများဖြစ်သည့် (၁) ဒေါ်ဖြူဖြူဝင်း ၁၂/သဃက (နိုင်) ၀၀၁၉၅၇၊ (၂)ဒေါ်အေးအေးဝင်း ၁၂/သဃက (နိုင်) ၀၀၄၉၆၆၊ (၃)ဦးသိန်းထွန်းအောင် ၁၂/သဃက(နိုင်) ၀၃၆၉၇၅၊ (၄) ဦးအောင်ဇော်ဌေး ၁၂/သဃက(နိုင်) ၁၅၄၈၉၀တို့မှ မိမိတို့ အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မင်္ဂလာဒုံခရိုင်တရားရုံး
၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၂

ဒေါ်မေမိုးသန္တာ နှင့် ၁။ ဦးချိုအေး
၂။ ဒေါ်ညိုညိုဝင်း

ဒီကရီ အနိုင်ရသူ **တရားရှုံးများ**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၆)ရုံး၏ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှု အမှတ် ၁၆၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၂၃ ခုနှစ်၊ဧပြီလ ၁၉ရက်၊ နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။တရားရှုံး၏ အကျိုး သက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့် ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိကသတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာလေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ် မတ်လ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၁/၃)ရပ်ကွက်၊ ကာယ ၁၂လမ်း၊ မြေကွက်အမှတ် (၄/၃၆၅)

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊(၁/၃)ရပ်ကွက်၊ ကာယ ၁၂ လမ်း၊ မြေကွက်အမှတ် (၄/၃၆၆)

လေလံကြမ်းခင်းဈေး- ကျပ် သိန်း(၂၇၅၀)

(ချစ်ကိုကို)
ခရိုင်တရားသူကြီး
မင်္ဂလာဒုံခရိုင်တရားရုံး

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထွန်းထွန်း ၈/သရန(နိုင်)၀၇၉၅၂၇၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၆၇၈၄၉၆

ပတ်စ်ပို့ပျောက်

ကျွန်မ မသိန်းသိန်းအေး ၈/အလန(နိုင်)၁၄၀၈၂၂ ၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၆၇၈၄၉၆

ပတ်စ်ပို့ပျောက်

ကျွန်မ မသင်းသင်းကြူ ၈/သရန(နိုင်)၀၃၀၇၃၈၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၆၇၈၄၉၆

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မောင်လွင် ၈/ရစက(နိုင်)၁၉၅၈၉၁၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၆၇၈၄၉၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/39976 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၇/သနပ(နိုင်)၁၁၉၁၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/8773 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လင် ၇/ပတတ(နိုင်)၀၀၃၂၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

ဒေါ်နော်ဖော်လီ(ခ)ဒေါ်နော်လီလီ ၁၃/တကန(နိုင်)၀၁၀၄၉၉နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ အမှတ်(ပ/၂၇)နေ ဒေါ်စုစုလတ် ၁/မညန(နိုင်)၁၃၃၂၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာလိုက်သည်မှာ-

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၅၁/၈) နေအိမ်ဥပစာနှင့်တကွ တည်ရှိရာ ကွင်း/အကွက်အမှတ်နှင့်အမည် (170/477)၊ ဦးပိုင်အမှတ်(၁၀၉-ဈ)၊ ဧရိယာ(၀ဒသမ၁၀၂)ဧကရှိ ခွဲစိပ်ကျန်မြေကို ဥပစာနှင့် ပတ်သက်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်နော်ဖော်လီ(ခ)ဒေါ်နော်လီလီ နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလတ်တို့သည် (၂၃-၁၁-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အဆောက်အအုံ အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ နှစ်ဦး သဘောတူ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး စာချုပ်စည်းကမ်းအရ ပေးချေရန် ကျန်ငွေများကို ဒေါ်စုစုလတ်က ပေးချေရန်အသင့်ရှိနေသော်လည်း ဒေါ်နော်ဖော်လီ(ခ)ဒေါ်နော်လီလီကလက်ခံရန် ပျက်ကွက်နေခဲ့ကြောင်း သိရပါသည်။ သို့ဖြစ်၍ အရောင်းအဝယ်အတွက် ပေးချေရန် ကျန်ငွေများကို ကျွန်ုပ်မိတ်ဆွေ ဒေါ်စုစုလတ်က ဒေါ်နော်ဖော်လီထံသို့ ပေးချေရန် နေ့စဉ်ရက်ဆက် အဆင်သင့်ရှိနေပြီး ဒေါ်နော်ဖော်လီ(ခ)ဒေါ်နော်လီလီအနေဖြင့် ကျန်ငွေများကို လက်ခံကာ စာချုပ်ပါသဘောတူထားသည့်အတိုင်း ဂရန်မူရင်းကို ကျွန်ုပ်မိတ်ဆွေထံ အပ်နှံပေးပါရန်နှင့် အရောင်းအဝယ်နှင့်ပတ်သက်သည့် ကျန်ကိစ္စရပ်အဝဝကို (၃၀-၃-၂၀၂၃)ရက် နောက်ဆုံးထားပြီး လာရောက်ဆက်သွယ် ဆောင်ရွက်ပေးပါရန် ဒေါ်နော်ဖော်လီ(ခ)ဒေါ်နော်လီလီနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖူးဝေခင်(တရားလွှတ်တော်ရှေ့နေ)စဉ်-၁၀၁၇၇/၂၃-၁၂-၂၀၁၄
Cherry Legal Group Co.,Ltd အမှတ်-၂၀၇၊ ရေထွက်ဦးလမ်း၊
ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ ၁၇လမ်း (မြေကွက်အမှတ် အက်စ်-၅၅)၊ တပ်ကြပ်စိုးဝင်းမြင့် အမည်ပေါက် ပေ(၄၀x၆၀)ပေရှိ မြေကွက်ကြီးအတွင်းမှ ခေါင်းရင်းဘက်အခြမ်းဖြစ်သော ပေ(၂၀x၆၀)ရှိ (စလစ်)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်ရွှေ(ဘ)ဦးချို ၁၂/ကတန(နိုင်)၀၇၃၆၅၇ ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သော ဒေါ်သိန်းသိန်းအေး ၁၂/သလန(နိုင်)၀၂၀၃၃၁၊ ဒေါ်ခင်စန်းဝင်း၁၂/သလန(နိုင်)၀၉၂၈၂၁ တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူ ရှိပါက တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သိန်းသိန်းအေး၊ ဒေါ်ခင်စန်းဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီရိဦး(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)
အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့
ဖုန်း-၀၉-၄၂၀၁၃၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃

(၈-၃-၂၀၂၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ချစ်ချစ်စံ(စဉ်-၁၇၀၇၁)နှင့် ဦးစန်းမင်းဦး အထက်တန်းရှေ့နေ(စဉ်-၅၁၅၃၁)တို့၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း

